**တီအမ်အိတ်ချ် ဆက်သွယ်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

**၂၀၂၆ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ ကုန်ဆုံးသော နှစ်အတွက်**

**ပြင်ပစာရင်းစစ် အစီရင်ခံစာ**

# တီအမ်အိတ်ချ် ဆက်သွယ်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

**ဘဏ္ဍာရေးရှင်းတမ်းများ ၂၀၂၆ ခုနှစ်၊ မတ်လ(၃၁) ရက်နေ့ နှင့် ယင်းနှစ်ကုန်ဆုံးသော နေ့အထိ**

| **အကြောင်းအရာ** | **စာမျက်နှာ** |
|---|---|
| ▪ စီမံအုပ်ချုပ်သူ၏ တာဝန်တင်ပြချက် | ၂ |
| ▪ ပြင်ပစာရင်းစစ် အစီရင်ခံစာ | ၃-၆ |
| ▪ ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်း | ၇ |
| ▪ ဝင်ငွေ အလုံးစုံပါဝင်သော (အရှုံး)/အမြတ် ရှင်းတမ်း | ၈ |
| ▪ အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှု မှတ်တမ်း | ၉ |
| ▪ ငွေသားစီးဆင်းမှု ရှင်းတမ်း | ၁၀ |
| ▪ ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ | ၁၁-၂၄ |

TMH Telecom Public Co., Ltd.

<u>ဒါရိုက်တာများ၏ အစီရင်ခံတင်ပြချက်</u>

**၂၀၂၆ ခုနှစ် မတ်လ (၃၁) ရက်တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် အစီရင်ခံစာ**

- အစီရင်ခံစာတွင် ပူးတွဲဖော်ပြထားသော ဘဏ္ဍာရေးရှင်းတမ်းများအား မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ၂၀၁၇ နှင့် မြန်မာနိုင်ငံစာရင်းကိုင်စံများ (MFRS) စံနှုန်းများ:နှင့် အညီရေးဆွဲရမည်မှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်ပါသည်။
- အစီရင်ခံစာတွင် ပူးတွဲဖော်ပြထားသော ၂၀၂၆ ခုနှစ် **မတ်လ(၃၁)** ရက်နေ့အထိ မတည်ရင်းနှီးငွေ ပြောင်းလဲမှုရှင်းတမ်း၊ ငွေစီးဆင်းမှုရှင်းတမ်းများသည် ကုမ္ပဏီ၏ ၄င်းဘဏ္ဍာနှစ် ကုန်ဆုံးချိန်အထိ လုပ်ငန်းအခြေအနေများ နှင့်အညီ သင့်တင့်လျောက်ပတ်စွာ ရေးဆွဲထားခြင်း ဖြစ်ပါသည်။
- ကုမ္ပဏီ၏ စာရင်းရေးဆွဲခြင်းနှင့် ကုမ္ပဏီများဥပဒေအရ ထိန်းသိမ်းထားရှိရန် လိုအပ်သော မှတ်တမ်းများအား မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ အပိုဒ် ၂၅၈ နှင့်အညီ ထိန်းသိမ်းရေးဆွဲထားခြင်း ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ အပိုဒ် ၁၄၆၊ အပိုဒ် ၂၆၁ နှင့် အပိုဒ် ၂၆၄ တို့နှင့် လျော်ညီစွာ ထိန်းသိမ်းထားရှိပါသည်။
- ဒါရိုက်တာများ အနေဖြင့် အစီရင်ခံစာ ထုတ်ပြန်သည့် နေ့တွင် ဤဘဏ္ဍာရေးရှင်းတမ်း များအား အတည်ပြုထုတ်ပြန်ခွင့် ပြုပြီးဖြစ်ပါသည်။

| | |
|---|---|
| Nang Lai Yi Soe<br>Executive Director<br>TMH Telecom Public Co., Ltd. | Thina Lwin<br>Managing Director<br>TMH Telecom Public Co., Ltd. |



No.(18/A), Koh Min Koh Chin Road, Bahan Township, Yangon, Myanmar.
(+951) 9552100, 9552101, 9552112
Website- www.tmhtelecom.com, Email-info@tmhtelecom.com

Building (6), Room (323), Kyaikkasan Housing, Marlarnwe Street, Tamwe Gyi (B) Ward, Tamwe Township, Yangon, Myanmar.Tel : 01-8400164, 01-8603760, 09-780981220, 09-770867554 Email : topswconltd@gmail.com

**ပြင်ပစာရင်းစစ်အစီရင်ခံစာ**

**တီအမ်အိတ်ချ် ဆက်သွယ်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

**အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များသို့**

**ဘဏ္ဍာရေးရှင်းတမ်းများအား စာရင်းစစ်ဆေးမှု အစီရင်ခံချက်**

**ထင်မြင်ယူဆချက်**

ကျွန်ုပ်တို့စာရင်းစစ်အဖွဲ့သည် တီအမ်အိတ်ချ် ဆက်သွယ်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၆ ခုနှစ် **မတ်လ (၃၁)** ရက်နေ့ရှိ ဘဏ္ဍာရေး အခြေအနေပြ ရှင်းတမ်း၊ ယင်းနေ့ကုန်ဆုံးသော နှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှုများ ပြောင်းလဲမှုရှင်းတမ်း၊ နှစ်အတွင်း ငွေသားစီးဆင်းမှု ရှင်းတမ်းနှင့် အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာ မူဝါဒအကျဉ်းချုပ်နှင့် အခြားရှင်း လင်းဖော်ပြထားသော မှတ်စုများပါဝင်သည့် ဘဏ္ဍာရေး ရှင်းတမ်းများကို စာရင်းစစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံ ဘဏ္ဍာရေး အစီရင်ခံခြင်း ဆိုင်ရာစံနှုန်းများနှင့်အညီ တီအမ်အိတ်ချ် ဆက်သွယ်ရေး အများနှင့်သက်ဆိုင်သာ ကုမ္ပဏီလီမိတက်၏ ၂၀၂၆ ခုနှစ် **မတ်လ(၃၁)** ရက်နေ့ရှိ ယင်း၏ ဘဏ္ဍာရေး အခြေအနေနှင့် ထိုနေ့တွင် ကုန်ဆုံးသောဘဏ္ဍာနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များနှင့် ငွေသားစီးဆင်းမှုနှင့် စပ်လျဉ်းသည့် ဖော်ပြချက် အားလုံးတို့အား သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်း ကျွန်ုပ်တို့ထင်မြင်ယူဆပါသည်။

**ထင်မြင်ယူဆချက် ပေးရန် အခြေခံ**

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ စာရင်းစစ်စံများနှင့် အညီ စာရင်းစစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါ သည်။ အဆိုပါ စာရင်းစစ်စံများအရ ကျွန်ုပ်တို့၏တာဝန်များကို ဤအစီရင်ခံစာ၏ ဘဏ္ဍာရေးရှင်းတမ်းများအတွက် ပြင်ပ စာရင်းစစ်၏ တာဝန်များဆိုသည့်အပိုင်းတွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ စာရင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် ကျင့်ဝတ် ဆိုင်ရာ စည်းမျဉ်းစည်းကမ်း လိုအပ်ချက်များနှင့် အညီ ကျွန်ုပ်တို့ စာရင်းစစ်သည် အဖွဲ့အစည်းနှင့် မှီခိုကင်းစွာ လွတ်လပ်သည့် သူများဖြစ်ပြီး နှင့် အခြားကျင့်ဝတ်ဆိုင်ရာ တာဝန်များကိုလည်းလိုက်နာပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့ ရရှိခဲ့သည့် စာရင်းစစ်အထောက်အထားများသည် စာရင်းစစ် အစီရင်ခံစာ ထုတ်ပြန်ရန်အတွက် ပြည့်စုံလုံလောက်သော အထောက်အထားများဖြစ်သည်ဟု ယုံကြည်ပါသည်။

**ဘဏ္ဍာရေးရှင်းတမ်းများအတွက် စီမံအုပ်ချုပ်သူများ၏ တာဝန်**

ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပါပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံ ဘဏ္ဍာရေး အစီရင်ခံခြင်း ဆိုင်ရာ စံနှုန်းများနှင့်အညီ သင့်တင့်လျောက်ပတ်စွာ ဖော်ပြရေးဆွဲရန် နှင့် မသမာမှုများ သို့မဟုတ် မှားယွင်းမှုတို့ကြောင့် ကြီးမားသော လွဲချော်တင်ပြချက် ကင်းရှင်းသည့် သင့်လျော်မှန်ကန်သော ဘဏ္ဍာရေးအခြေအနေပြ ရှင်းတမ်းကို ရေးဆွဲနိုင်ရန် လုပ်ငန်းတွင်း ထိန်းချုပ်မှုများကို လိုအပ်သလို သတ်မှတ်ရမည်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန် ဖြစ်ပါသည်။

စီမံအုပ်ချုပ်သူများသည် ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန်ရည်ရွယ်ခြင်း သို့မဟုတ်လုပ် ငန်းလည်ပတ်မှုအားရပ်ဆိုင်းခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့်လုပ်ဆောင်နိုင်ခြင်း မရှိသည့် အခါများ မှလွဲ၍ ဘဏ္ဍာရေးရှင်းတမ်း များကို ရေးဆွဲပြုစုရာတွင် ကုမ္ပဏီ၏ 'ရှေ့ဆက်လုပ်ဆောင်နိုင် မည့်စွမ်းရည်' နှင့်သက်ဆိုင်သည် များကိုဖော်ပြရန်၊ ရှေ့ဆက်လုပ်ကိုင်မည့် အခြေအနေပေါ် မူတည်၍စာရင်းရေးသွင်း ခြင်း တို့ကို အကဲဖြတ်ရန်အတွက် တာဝန်ရှိပါသည်။ စီမံအုပ်ချုပ်မှုအား တာဝန်ယူထားသူများအနေဖြင့် ကုမ္ပဏီ၏ ဘဏ္ဍာရေး အစီရင်ခံခြင်း လုပ်ငန်းစဉ်အား ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသည်။

**<u>ဘဏ္ဍာရေးရှင်းတမ်းများစာရင်းစစ်ဆေးခြင်းအပေါ် ပြင်ပစာရင်းစစ်၏ တာဝန်</u>**

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများကို ခြုံငုံ၍ မသမာမှု သို့မဟုတ် မှားယွင်းမှုများကြောင့် ဖြစ်ပေါ်လာသော အရေးပါသည့်မှားယွင်းဖော်ပြမှုများ မှ ကင်းရှင်းကြောင်း ကျိုးကြောင်းဆီလျော်စွာခိုင်လုံသေချာမှု ရှိစေရန်နှင့်ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်ပါဝင်သည့် စာရင်းစစ် အစီရင်ခံစာကို တင်ပြရန်ဖြစ်ပါသည်။ ကျိုးကြောင်းဆီလျော်သော ခိုင်လုံသေချာမှု ရှိသည်ဟု ဆိုရာတွင် အဆင့်မြင့်မားသော အာမခံချက် တစ်ရပ်အဖြစ် သတ်မှတ်သော်လည်း မြန်မာနိုင်ငံ စာရင်းစစ်စံနှုန်းများ နှင့်အညီ စာရင်းစစ်ဆေးခြင်းဖြင့် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများတွင် ရှိနေသော အရေးပါသည့် မှားယွင်းဖော်ပြမှု တစ်ခုကို အမြဲတစေ စစ်ဆေးတွေ့ရှိနိုင်သည်ဟု အာမခံချက် ပေးခြင်းမျိုးမဟုတ်ပါ။ အရေးပါသောမှားယွင်းဖော်ပြမှုများသည် မသမာမှု သို့မဟုတ် မှားယွင်းမှုများမှ ပေါ်ပေါက်လာရခြင်းဖြစ်ပြီး ၎င်းတို့တစ်ခုချင်း သို့မဟုတ် စုပေါင်းသည့်အခါ ဘဏ္ဍာရေးရှင်းတမ်းများကိုအခြေပြု၍ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရမည့် အသုံးပြုသူများကို ကျိုးကြောင်းဆီလျော်စွာ သက်ရောက်လွှမ်းမိုးမှုများ ရှိလာနိုင်မည်ဆိုပါက မသမာမှု သို့မဟုတ် မှားယွင်းမှုများ ကို အရေးပါသော မှားယွင်းဖော်ပြမှု ဟု ယူဆရမည် ဖြစ်သည်။

စာရင်းစစ်ဆေးခြင်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် မြန်မာနိုင်ငံစာရင်းစစ် စံနှုန်းများနှင့်အညီ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူအမြင်ဖြင့် အကဲဖြတ်မှုနှင့် ပညာရပ် သဘောတရားအရ သံသယထား၍ စစ်ဆေးခြင်းတို့အား (Professional Judgement and Profession Skepticism) စာရင်းစစ်ဆေးစဉ် ကာလအတွင်း ထိန်းသိမ်းဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့သည် အောက်ပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ထားရှိပါသည်။

❖ မသမာမှုများ သို့မဟုတ် မှားယွင်းဖော်ပြမှုများက ဘဏ္ဍာရေးရှင်းတမ်းများအား အရေးပါသော လွဲချော်တင်ပြမှုများ ဖြစ်စေနိုင်သည့် အန္တရာယ်များကို စစ်ဆေးအကဲဖြတ်ခြင်း၊ ၎င်းအန္တရာယ်များကို ထိရောက်စွာ တုံ့ပြန်စစ်ဆေးနိုင်ရန်အတွက် စာရင်းစစ်ဆေးမှု လုပ်ငန်းစဉ် အဆင့်ဆင့်များ ချမှတ်ဆောင်ရွက်ခြင်း နှင့် ကျွန်ုပ်တို့မှ ဘဏ္ဍာရေးရှင်းတမ်းများအပေါ် ထင်မြင်ယူဆချက် ပေးရန်အတွက် လုံလောက် သင့်လျော်သော စာရင်းစစ် အထောက်အထားများ ရယူခြင်း။
❖ လုပ်ငန်းအခြေအနေနှင့် ကိုက်ညီသော စာရင်းစစ် လုပ်ထုံးလုပ်နည်းများ သတ်မှတ်နိုင်ရန် စာရင်းစစ်ဆေးမှုနှင့် ဆက်စပ်သော ကုမ္ပဏီ၏ လုပ်ငန်းတွင်း ထိန်းချုပ်မှုများအား နားလည်နိုင်ရန် ကြိုးပမ်းခြင်း။ (ကုမ္ပဏီ၏ လုပ်ငန်းတွင်း ထိန်းချုပ်မှုအား ထိရောက်မှု ရှိမရှိ ထင်မြင်ချက်ကို ဖော်ပြရန် ရည်ရွယ်ချက်ဖြင့် မဟုတ်ပါ။
❖ ကုမ္ပဏီမှ အသုံးပြုထားသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများ၊ စာရင်းရေးဆွဲခြင်းအတွက် သင့်တင့်လျောက် ပတ်သော လျာထားချက်များနှင့် စီမံအုပ်ချုပ်သူများမှ တင်ပြထားသော သက်ဆိုင်ရာ ဖော်ပြချက်များအား သင့်လျော်မှု ရှိမရှိ သုံးသပ်အကဲဖြတ်ခြင်း။

- ❖ စီမံအုပ်ချုပ်သူများမှ ကုမ္ပဏီ၏ရှေ့ဆက် လုပ်ဆောင်နိုင်စွမ်းအား အခြေခံ၍ ရေးဆွဲထားသော စာရင်းအင်းများ သင့်တင့်လျောက်ပတ်မှုရှိ/မရှိ နှင့် ကုမ္ပဏီ၏ရှေ့ဆက်၍ လုပ်ငန်းလည်ပတ်လုပ် ဆောင်နိုင်စွမ်းအပေါ် သိသာထင်ရှားသော သံသယဖြစ်ဖွယ်ဖြစ်ရပ်များ သို့မဟုတ် အခြေအနေများနှင့် ပတ်သက်သည့် မသေချာမရေရာမှုများ ရှိ/မရှိ ရရှိထားသော စာရင်းစစ် အထောက်အထားများကို အခြေခံ၍ သုံးသပ်ခြင်း။အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ထိုကဲ့သို့သော မသေချာမရေရာမှု တစ်ခုရှိနေသည် ဟုကောက်ချက်ချပါက ကျွန်ုပ်တို့၏ စာရင်းစစ် အစီရင်ခံစာတွင် ဘဏ္ဍာရေးရှင်းတမ်းများ၏ ဆက်စပ်ဖော်ပြချက်များကို အလေးပေးရန် လိုအပ်သည် သို့မဟုတ် ယင်း ထုတ်ဖော်ချက်များ သည် ပြည့်စုံမှုမရှိပါက ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်ကို ပြင်ဆင်ရန် လိုအပ်မည် ဖြစ်သည်။ ကျွန်ုပ်တို့၏ အကဲဖြတ်သုံးသပ်မှုများသည် စာရင်းစစ် အစီရင်ခံစာ ထုတ်ပြန်သည့် နေ့အထိ ကျွန်ုပ်တို့ ရရှိထားသော နောက်ဆုံး အထောက်အထားများပေါ်တွင် အခြေခံမည် ဖြစ်ပါသည်။ သို့သော်လည်း အနာဂတ်တွင် ဖြစ်လာမည့် ဖြစ်ရပ်များ သို့မဟုတ် အခြေအနေများကလည်း ကုမ္ပဏီ၏ ရှေ့ဆက်လုပ်ဆောင်နိုင်စွမ်းကို ရပ်တန့်သွားစေခြင်းမျိုး ရှိနိုင်ပါသည်။
- ❖ ဘဏ္ဍာရေးရှင်းတမ်းများ၏ ရှင်းလင်းထုတ်ဖော်ချက်များ အပါအဝင် ယင်း၏ တင်ပြချက်များ၊ တည်ဆောက်ပုံများ၊ ထုတ်ဖော်ချက်များအား အကဲဖြတ်သုံးသပ်ခြင်း နှင့် ဘဏ္ဍာရေး ရှင်းတမ်းများသည် နှစ်အတွင်း ပေါ်ပေါက်ခဲ့သော လုပ်ဆောင်ချက်များ နှင့် အကြောင်းအရာများကို သင့်တင့်လျောက်ပတ်စွာ တင်ပြထားခြင်း ရှိမရှိ စစ်ဆေးခြင်း။ဘဏ္ဍာရေးရှင်းတမ်းများအပေါ် ထင်မြင်ယူဆချက် ပေးရန်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို ပြည့်စုံလုံလောက်သော၊ သင့်တင့်လျောက်ပတ်သော စာရင်းစစ် အထောက်အထား ရရှိသည့်အထိ လုံလောက်စွာ ရယူခြင်း။ ကုမ္ပဏီစာရင်းစစ်ဆေးခြင်း၏ လမ်းညွှန်မှု၊ ကြီးကြပ်မှုနှင့် စွမ်းဆောင်ရည်များအတွက် ကျွန်ုပ်တို့တွင် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့၏ စစ်ဆေးမှုထင်မြင်ယူဆချက်အတွက် ကျွန်ုပ်တို့တွင်သာ တာဝန်ရှိပါသည်။

ကျွန်ုပ်တို့ စာရင်းစစ်များအနေဖြင့် စာရင်းစစ်ဆေးသည့် လုပ်ငန်းစဉ်အတွင်း လုပ်ငန်းတွင်း ထိန်းကွပ်မှု လျော့ရဲခြင်းများ တွေ့ရှိသည့် အခါတွင် ဖြစ်စေ၊ စာရင်းစစ်ရန် သတ်မှတ်ထားသည့် လုပ်ငန်းအတိုင်းအတာ၊ အချိန်သတ်မှတ်ချက်များနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအတွက် ဖြစ်စေ၊ ထူးခြားသော စာရင်းစစ် တွေ့ရှိချက်များ ပေါ်ပေါက်သည့် အခါတွင် ဖြစ်စေ စီမံအုပ်ချုပ်မှု တာဝန်ရှိသူများနှင့် ဆက်သွယ် ဆွေးနွေးပါသည်။

ကျွန်ုပ်တို့ စာရင်းစစ်များ အနေဖြင့် စီမံအုပ်ချုပ်သူများကို မိမိတို့မှ ဘက်လိုက်မှု ကင်းရှင်းစွာဖြင့် လိုအပ်သော စာရင်းစစ် ကျင့်ဝတ်များနှင့်အညီ စစ်ဆေးမည် ဖြစ်ကြောင်း တင်ပြချက် တစ်စောင်ကိုလည်း ကျိုးကြောင်းဆီလျော်စွာ နားလည် သဘောပေါက်နိုင်ရန် ပေးပို့သွားမည် ဖြစ်သည်။

ထိုသို့ စီမံအုပ်ချုပ်သူများနှင့် ဆက်သွယ် ဆွေးနွေးမှုများမှတစ်ဆင့် ယခု စာရင်းစစ်ဆေးသော ကာလရှိ ဘဏ္ဍာရေးရှင်းတမ်းများ၏ အဓိက စစ်ဆေးရမည့် ကိစ္စရပ်များအား သတ်မှတ်၍ စာရင်းစစ်ဆေးခြင်း၏ အရေးအပါဆုံး အစိတ်အပိုင်းများအား အတည်ပြုပါသည်။ ၎င်းတို့ကို ကျွန်ုပ်တို့၏ စာရင်းစစ် အစီရင်ခံစာတွင် ဥပဒေတစ်ရပ်ရပ် သို့မဟုတ် စည်းမျဉ်းစည်းကမ်း တစ်ခုခုမှ အများပြည်သူအား တင်ပြချက်တွင် ထည့်သွင်းခွင့် မပြုသည့်အခါ သို့မဟုတ် ကျွန်ုပ်တို့မှ ထိုအကြောင်းအရာနှင့် ပတ်သက်၍ အခြေအနေတစ်ခုအရ အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်နိုင်ချေ ရှိသဖြင့် အစီရင်ခံစာတွင် ထည့်သွင်းရန် မသင့်တော်ဟု ဆုံးဖြတ်သည့်အခါများမှ လွဲ၍ ယင်းတို့အား အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသွားမည် ဖြစ်သည်။

**အခြားသောသတင်းအချက်အလက်များ**

အခြားသတင်းအချက်အလက်များ အတွက်စီမံခန့်ခွဲမှုအဖွဲ့သည်တာဝန်ရှိပါသည်။ အခြားသတင်း အချက် အလက်များတွင် ဒါရိုက်တာများ ၏ ထုတ်ပြန်ချက်နှင့် နှစ်ပတ်လည် အစီရင်ခံစာတို့တွင် ပါဝင်သော အချက်အလက် များပါဝင်ပါသည်။ သို့ရာ တွင် ဘဏ္ဍာရေး အခြောအနေဇယားများ နှင့် ကျွန်ုပ်တို့ ၏ စာရင်းစစ် အစီရင်ခံစာ မပါဝင်ပါ၊

ဘဏ္ဍာရေး အခြေအနေဇယားများအပေါ် ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်သည် အခြားသတင်း အချက်အလက်များအားလွှမ်းခြုံထားခြင်းမရှိပါ နှင့် ထိုအချက်အလက်များအပေါ် အာမခံချက် ပေးသည့်မည့်သည့်ပုံစံကိုမျှ ဖော်ပြ ခြင်းမရှိပါ။

ဘဏ္ဍာရေး အခြေအနေဇယားများ အားစစ်ဆေးခြင်း နှင့်ဆက်စပ်၍ ကျွန်ုပ်တို့၏ တာဝန်မှာအခြားသတင်းအချက်အလက်များကိုဖတ်ရှုရန်ဖြစ်ပြီး၊ ထိုသို့ ဖတ်ရှုရာတွင် အခြားသတင်းအချက်အလက် များသည် ဘဏ္ဍာရေးအခြေအနေ ဇယားများနှင့် ပဓာနကျသည့်ကွဲလွဲမှုရှိနေခြင်းရှိ/မရှိ သို့မဟုတ်စာရင်းစစ်ဆေးခြင်းမှရရှိသော ကျွန်ုပ်တို့၏ အသိပညာသို့ အခြားနည်းလမ်းဖြင့်ပဓာနကျသည့်အမှားပါဝင်နေခြင်းရှိမရှိကိုထည့်သွင်း စဉ်းစားရန်ဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့ဆောင်ရွက်ခဲ့သည့်လုပ်ငန်းအပေါ်အခြေခံ၍ ကဤအခြားသတင်းအချက်အလက်တွင်ပဓာနကျသည့် အမှားပါဝင်နေသည်ဟု ကျွန်ုပ်တို့ကောက်ချက်ချပါက၊ ထိုအချက်ကိုအစီရင်ခံရန် ကျွန်ုပ် တို့သည်တာဝန်ရှိပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့တွင် အစီရင်ခံရန်ဘာမျှမရှိပါ။

**ဥပဒေဆိုင်ရာနှင့်စည်းမျဉ်းစည်းကမ်း လိုအပ်ချက်များအပေါ် အစီရင်ခံခြင်း**

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၂၈၀ အရ ကျွန်ုပ်တို့ အစီရင်ခံတင်ပြလိုသည်မှာ

ကျွန်ုပ်တို့အနေဖြင့် **တီအမ်အိတ်ချ် ဆက်သွယ်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သည် ၎င်း၏ စာရင်းဇယားများနှင့် မှတ်တမ်းမှတ်ရာများကို မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ၂၀၁၇၊ အပိုဒ် ၂၅၈ နှင့် ၂၆၄ တို့ နှင့်အညီ ထိန်းသိမ်းထားရှိပြီးလိုအပ်သောသတင်းအချက်အလက်များ ကိုလည်းရရှိခဲ့သည့်အပြင်ဘဏ္ဍာရေးရှင်းတမ်းများသည် ဥပဒေ ပြဋ္ဌာန်း ချက်များနှင့် အညီရေးဆွဲထားပါသည်။

ဒေါ်ကေခိုင်ခိုင်လင်း **(PPA-** 937**)**

လက်မှတ်ရပြည်သူ့စာရင်းကိုင်

ရန်ကုန်၊ မြန်မာ



Kay Khine Khine Linn

Certified Public Accountant

## ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်း
ငွေကြေး - မြန်မာကျပ်ငွေ

| | မှတ်စု | ဧပြီလ ၂၀၂၅ မှ မတ်လ ၂၀၂၆<br>ကျပ် | ဧပြီလ ၂၀၂၄ မှ မတ်လ ၂၀၂၅<br>ကျပ် |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| **လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ** | | | |
| ပုံသေပိုင်ပစ္စည်း | ဇယား-၁ | ၈၉၈,၈၂၈,၂၄၃ | ၁,၀၁၇,၉၉၁,၂၅၈ |
| အခြားရင်းနှီးမြှုပ်နှံမှု | ၃ | ၂၅၅,၉၂၅,၀၀၀ | ၁၈၄,၃၁၅,၀၀၀ |
| ရင်နှီးမြှုပ်နှံမှု(မြန်မာဂျီတီကုမ္ပဏီ) | | ၁,၇၀၉,၂၁၇,၉၀၂ | ၁,၆၄၀,၂၅၀,၇၂၆ |
| ရင်းနှီးမြှုပ်နှံမှု(ပရောဂျက်လုပ်ငန်း) | | ၆၀,၅၀၀,၀၀၀ | ၆၀,၅၀၀,၀၀၀ |
| **စုစုပေါင်း လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ** | | ၂,၉၂၄,၄၇၁,၁၄၅ | ၂,၉၀၃,၀၅၆,၉၈၄ |
| **လက်ငင်းရပိုင်ခွင့်များ** | | | |
| ကုန်ပစ္စည်းလက်ကျန်(ပရီပိတ်ကတ်) | ၄ | - | ၁,၃၇၁,၈၀၂,၂၈၀ |
| ပရောဂျက်လုပ်ငန်းအတွက်ကြိုတင်ပေးငွေ | ၅ | ၂,၀၉၀,၅၄၃,၂၀၅ | ၄၂၄,၅၃၅,၀၉၉ |
| စရံနှင့်အခြားကြိုတင်ပေးငွေ | ၆ | ၁,၃၀၄,၀၂၃,၅၀၃ | ၁,၀၀၃,၄၆၈,၄၀၁ |
| ဘဏ်အာမခံ အပ်နှံငွေ | | ၄၁၃,၅၇၀,၀၁၀ | ၃၄၄,၅၉၆,၂၀၆ |
| ကြိုတင်ပေးငွေ ဝင်ငွေခွန်၊ အခြေပစ္စည်းမှ မြတ်စွန်းခွန်နှင့် ကုန်သွယ်ခွန် | | ၄၉၅,၀၄၇,၆၀၉ | ၃၃၉,၁၃၀,၈၆၂ |
| ကုန်သွယ်မှုနှင့် အခြားရရန်ရှိ | ၇ | ၃,၈၃၃,၉၁၈,၉၂၈ | ၄,၃၇၄,၆၀၀,၈၂၈ |
| ငွေနှင့်ဘဏ်လက်ကျန် | ၈ | ၄,၅၈၈,၆၂၉,၁၂၇ | ၂,၉၈၇,၂၅၂,၇၀၁ |
| **စုစုပေါင်း လက်ငင်းရပိုင်ခွင့်များ** | | ၁၂,၇၂၅,၇၃၂,၃၈၃ | ၁၀,၈၄၅,၃၈၆,၃၇၇ |
| **စုစုပေါင်း ရပိုင်ခွင့်များ** | | ၁၅,၆၅၀,၂၀၃,၅၂၈ | ၁၃,၇၄၈,၄၄၃,၃၆၁ |
| | | | |
| **ရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | | | |
| ခွင့်ပြုမတည်ရင်းနှီးငွေ | | ၁၄,၅၅၉,၇၉၈,၀၀၀ | ၁၄,၅၅၉,၇၉၈,၀၀၀ |
| အခြားရလဒ်များ | | ၂၀၆,၅၃၈,၈၁၂ | ၁၃၄,၉၂၈,၈၁၂ |
| စာရင်းဖွင့်(အရှုံး)/အမြတ်လက်ကျန် | | (၁,၈၄၅,၂၇၉,၃၇၆) | (၅၉၀,၂၇၇,၂၅၈) |
| စာရင်းဖွင့်(အရှုံး)/အမြတ်ကို ညှိနှိုင်းခြင်း | | - | (၈၇,၉၃၅,၇၉၉) |
| နှစ်အတွင်း (အရှုံး)/အမြတ် | | ၁၈၄,၈၂၀,၂၆၉ | (၁,၁၆၇,၀၆၆,၃၁၉) |
| | | ၁၃,၁၀၅,၈၇၇,၇၀၆ | ၁၂,၈၄၉,၄၄၇,၄၃၆ |
| **လက်ငင်းပေးရန်တာဝန်များ** | | | |
| ကုန်သွယ်မှုနှင့် အခြားပေးရန် | ၉ | ၂,၀၃၅,၅၄၂,၈၅၄ | ၆၀၄,၅၉၅,၅၅၀ |
| ဝင်ငွေခွန်ယာထားချက် | | ၂၃,၇၂၈,၉၄၇ | - |
| အခြေပစ္စည်းမှ မြတ်စွန်းခွန် ယာထားချက် | | ၅,၂၀၀,၀၀၀ | - |
| ပင်ရင်းမှနုတ်ယူပေးသွင်းသည့် အခွန်ယာထားချက် | | ၁၂,၆၉၉,၁၀၀ | - |
| ပေးရန်ရှိ ကုန်သွယ်ခွန် | | ၄၆၇,၁၅၄,၉၂၁ | ၂၉၄,၄၀၀,၃၇၅ |
| **စုစုပေါင်း လက်ငင်းပေးရန်တာဝန်များ** | | ၂,၅၄၄,၃၂၅,၈၂၂ | ၈၉၈,၉၉၅,၉၂၅ |
| **စုစုပေါင်းရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | | ၁၅,၆၅၀,၂၀၃,၅၂၈ | ၁၃,၇၄၈,၄၄၃,၃၆၁ |

Nang Lai Yi Soe
Executive Director
TMH Telecom Public Co., Ltd.

Thiha Lwin
Managing Director
TMH Telecom Public Co., Ltd.

**တီအမ်အိတ်ချ် ဆက်သွယ်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**
**၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသော နှစ်အတွက် ဝင်ငွေ အလုံးစုံပါဝင်သော (အရှုံး)/အမြတ်ရှင်းတမ်း**
**ငွေကြေး - မြန်မာကျပ်ငွေ**

| | မှတ်စု | ဧပြီလ ၂၀၂၅ မှ မတ်လ ၂၀၂၆ | ဧပြီလ ၂၀၂၄ မှ မတ်လ ၂၀၂၅ |
|---|---|---|---|
| | | ကျပ် | ကျပ် |
| ဝင်ငွေ | ၁၀ | ၉,၃၄၃,၀၉၈,၄၄၅ | ၅,၈၈၈,၀၀၇,၅၃၂ |
| ရောင်းကုန်တန်ဖိုး | ၁၁ | (၆,၅၀၉,၀၂၃,၇၉၇) | (၄,၈၀၂,၇၁၀,၇၉၄) |
| **အကြမ်းအမြတ်** | | **၂,၈၃၄,၀၇၄,၆၄၈** | **၁,၀၈၅,၂၉၆,၇၃၈** |
| အခြားရငွေ | | ၄၄၇,၅၃၅,၅၆၄ | ၅၄၁,၆၇၅,၈၀၂ |
| **အသုံးစရိတ်များ** | | | |
| ရောင်းချ ဖြန့်ဖြူးစရိတ် | | (၇,၂၁၉,၅၈၄) | (၇,၂၀၄,၃၂၉) |
| စီမံခန့်ခွဲမှု ကုန်ကျစရိတ် | ၁၂ | (၃,၁၃၄,၈၀၈,၅၈၉) | (၂,၇၉၆,၃၇၄,၄၉၆) |
| မြန်မာဂျီတီကုမ္ပဏီမှ (အရှုံး)/အမြတ် | | ၆၈,၉၆၇,၁၇၆ | ၉,၅၃၉,၉၅၆ |
| **အခွန်မလျာမီ အသားတင် (အရှုံး)/အမြတ်** | | **၂၀၈,၅၄၉,၂၁၆** | **(၁,၁၆၇,၀၆၆,၃၁၉)** |
| ဝင်ငွေခွန် | | (၂၃,၇၂၈,၉၄၇) | - |
| **အခွန်လျာပြီး အသားတင် (အရှုံး)/အမြတ်** | | **၁၈၄,၈၂၀,၂၆၉** | **(၁,၁၆၇,၀၆၆,၃၁၉)** |
| အခြားဝင်ငွေအလုံးစုံ | | | |
| ရင်းနှီးမြှုပ်နှံမှုအတွက် ကာလပေါက်ဈေး ညှိနှိုင်းခြင်း | | ၇၁,၆၁၀,၀၀၀ | (၁၇,၃၂၅,၀၀၀) |
| စုစုပေါင်းဝင်ငွေအလုံးစုံ | | **၂၅၆,၄၃၀,၂၆၉** | **(၁,၁၈၄,၃၉၁,၃၁၉)** |
| **<u>ရှယ်ယာတစ်စုဝင်ငွေ</u>** | | | |
| ရှယ်ယာတစ်စုဝင်ငွေ (ကျပ်) | | ၁၄ | (၉၁) |

**အစီရင်ခံစာပါ မှတ်စုများသည် ဒါရိုက်တာများက မှန်ကန်ကြောင်းအတည်ပြုထားသည့် ဘဏ္ဍာရေးရှင်းတမ်း၏ အရေးပါသော အချက်အလက်များဖြစ်သည်။**

Nang Lai Yi Soe
Executive Director
TMH Telecom Public Co., Ltd.

Thiha Lwin
Managing Director
MH Telecom Public Co., Ltd.

**တီအမ်အိတ်ချ် ဆက်သွယ်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**
**၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသော နှစ်အတွက် အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှု မှတ်တမ်း**

**ငွေကြေး - မြန်မာကျပ်ငွေ** **ထုတ်ဝေပေးသွင်းပြီး အစုရှယ်ယာ**

| | အစုရှယ်ယာ အရေအတွက် | အစုရှယ်ယာ တန်ဖိုး | အခြားရလဒ်များ | အမြတ်လက်ကျန် | စုစုပေါင်း |
|---|---|---|---|---|---|
| ၂၀၂၅ ခုနှစ်၊ ဧပြီ (၁)စာရင်းဖွင့် | ၁၂,၈၂၃,၂၂၄ | ၁၄,၅၅၉,၇၉၈,၀၀၀ | ၁၃၄,၉၂၈,၈၁၂ | (၁,၈၄၅,၂၇၉,၃၇၆) | ၁၂,၈၄၉,၄၄၇,၄၃၆ |
| စာရင်းညှိနှိုင်းချက် | | - | - | - | - |
| စာရင်းညှိနှိုင်းပြီး (အရှုံး)/အမြတ် | ၁၂,၈၂၃,၂၂၄ | ၁၄,၅၅၉,၇၉၈,၀၀၀ | ၁၃၄,၉၂၈,၈၁၂ | (၁,၈၄၅,၂၇၉,၃၇၆) | ၁၂,၈၄၉,၄၄၇,၄၃၆ |
| နှစ်အတွင်း (အရှုံး)/အမြတ် | | - | - | ၁၈၄,၈၂၀,၂၆၉ | ၁၈၄,၈၂၀,၂၆၉ |
| အခြားဝင်ငွေအလုံးစုံ | | - | ၇၁,၆၁၀,၀၀၀ | - | ၇၁,၆၁၀,၀၀၀ |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) စာရင်းပိတ်လက်ကျန် | ၁၂,၈၂၃,၂၂၄ | ၁၄,၅၅၉,၇၉၈,၀၀၀ | ၂၀၆,၅၃၈,၈၁၂ | (၁,၆၆၀,၄၅၉,၁၀၆) | ၁၃,၁၀၅,၈၇၇,၇၀၆ |

**အစီရင်ခံစာပါ မှတ်စုများသည် ဒါရိုက်တာများက မှန်ကန်ကြောင်းအတည်ပြုထားသည့် ဘဏ္ဍာရေးရှင်းတမ်း၏ အရေးပါသော အချက်အလက်များဖြစ်သည်။**

Nang Lai Yi Soe
Executive Director
TMH Telecom Public Co., Ltd.

Thiha Lwin
Managing Director
MH Telecom Public Co., Ltd.

**တီအမ်အိတ်ချ် ဆက်သွယ်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**
**၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသော နှစ်အတွက် ငွေသားစီးဆင်းမှုမှတ်တမ်း**
**ငွေကြေး - မြန်မာကျပ်ငွေ**

| | ဧပြီလ ၂၀၂၅ မှ မတ်လ ၂၀၂၆ | ဧပြီလ ၂၀၂၄ မှ မတ်လ ၂၀၂၅ |
|---|---|---|
| | ကျပ် | ကျပ် |
| **လုပ်ငန်း ဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှု** | | |
| **အခွန်မလျာမီ အသားတင် (အရှုံး)/အမြတ်** | ၂၀၈,၅၄၉,၂၁၆ | (၁,၁၆၇,၀၆၆,၃၁၉) |
| **ကိုက်ညီ ရေးဆွဲချက်များ** | | |
| တန်ဖိုးလျော့ | ၁၅၇,၂၀၈,၂၄၇ | ၁၆၃,၃၄၇,၉၄၇ |
| ပိုင်ဆိုင်မှု ပစ္စည်းများကို စာရင်းမှ ပယ်ဖျက်ခြင်း | ၁,၈၀၂,၆၆၆ | - |
| သဘာဝဘေးအန္တရာယ်ကြောင့်ပစ္စည်းဆုံးရှုံးမှု | - | ၄၇၂,၉၈၀,၃၁၆ |
| ကုမ္ပဏီ၏ပိုင်ဆိုင်ပစ္စည်းရောင်းချခြင်းမှ ဆုံးရှုံးမှု | (၇၁,၉၉၉,၉၉၈) | ၄၆,၁၂၅,၆၆၇ |
| အတိုးဝင်ငွေ | (၁၃၃,၉၃၉,၀၂၁) | (၂၂၀,၁၂၆,၃၇၃) |
| အမြတ်ဝေစု | (၆၈,၉၆၇,၁၇၆) | (၉,၅၃၉,၉၅၆) |
| **လှည့်လည်ရင်းနှီးငွေပြောင်းလဲမှုမတိုင်မီ လုပ်ငန်းဆောင်ရွက်ချက်အမြတ်** | **၉၂,၆၅၃,၉၃၃** | **(၇၁၅,၄၇၈,၇၁၉)** |
| **လှည့်လည်ရင်းနှီးငွေပြောင်းလဲမှု** | | |
| ကုန်လက်ကျန် | ၁,၃၇၁,၈၀၂,၂၈၀ | ၃၇၄,၂၀၃,၄၃၀ |
| ကုန်သွယ်မှုနှင့် အခြားရရန်ရှိ | ၅၄၀,၆၈၁,၈၉၉ | (၉၀၅,၅၆၇,၈၀၆) |
| ကြိုတင်ပေးအသုံးစရိတ် | (၁,၉၆၆,၅၆၃,၂၀၈) | (၃၇၈,၄၉၃,၈၃၀) |
| ဘဏ်အာမခံ အပ်နှံငွေ | (၆၈,၉၇၃,၈၀၄) | ၄၈၀,၇၁၄,၉၂၄ |
| ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိ | ၁,၄၃၀,၉၄၇,၃၀၄ | (၂၇၁,၃၄၉,၃၂၉) |
| **လုပ်ငန်းလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှု** | **၁,၄၀၀,၅၄၈,၄၀၅** | **(၁,၄၁၅,၉၇၁,၃၃၀)** |
| | | |
| ကြိုတင်ပေးငွေ ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန် | (၁၅၅,၉၁၆,၇၄၆) | (၉,၇၅၂,၇၀၂) |
| ယာထားချက် ဝင်ငွေခွန်၊အခြေပစ္စည်းမှ မြတ်စွန်းခွန်နှင့်ကုန်သွယ်ခွန် | ၁၇၇,၉၅၄,၅၄၆ | (၈၉,၄၀၆,၄၂၄) |
| ယာထားချက် ပင်းရင်းမှနုတ်ယူပေးသွင်းသည့်အခွန် | ၁၂,၆၉၉,၁၀၀ | - |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားအသုံးပြုမှု** | **၁,၄၃၅,၂၈၅,၃၀၅** | **(၁,၅၁၅,၁၃၀,၄၅၆)** |
| **ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှု** | | |
| ပုံသေပိုင်ပစ္စည်းဝယ်ယူခြင်း | (၃၉,၈၄၇,၉၀၀) | (၁၀၂,၈၇၇,၉၀၀) |
| ပုံသေပိုင်ပစ္စည်း ရောင်းချခြင်း | ၇၂,၀၀၀,၀၀၀ | ၁၀၀,၀၀၀ |
| အတိုးဝင်ငွေ | ၁၃၃,၉၃၉,၀၂၁ | ၂၂၀,၁၂၆,၃၇၃ |
| **ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ချက်များအရ ငွေသားအသုံးပြုမှု** | **၁၆၆,၀၉၁,၁၂၁** | **၁၁၈,၅၄၈,၄၇၃** |
| **ဘဏ္ဍာရေး ဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှု** | | |
| **ဘဏ္ဍာရေး ဆောင်ရွက်ချက်များအရ အသာတင် ငွေသားအသုံးပြုမှု** | | |
| ငွေသားအသားတင် တိုး/(လျော့) | ၁,၆၀၁,၃၇၆,၄၂၆ | (၁,၃၉၆,၅၈၁,၉၈၃) |
| နှစ်စရှိ ငွေနှင့် ဘဏ်လက်ကျန် | ၂,၉၈၇,၂၅၂,၇၀၁ | ၄,၃၈၃,၈၃၄,၆၈၄ |
| **နှစ်ဆုံးရှိ ငွေနှင့် ဘဏ်လက်ကျန်** | **၄,၅၈၈,၆၂၉,၁၂၇** | **၂,၉၈၇,၂၅၂,၇၀၁** |

Nang Lai Yi Soe
Executive Director
TMH Telecom Public Co., Ltd.

Thiha Lwin
Managing Director
TMH Telecom Public Co., Ltd.

**တီအမ်အိတ်ချ် ဆက်သွယ်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**
**ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ**

**ငွေကြေးမြန်မာကျပ်ငွေ-**

**၁။ အထွေထွေ**

ပေးရန်တာဝန် ကန့်သတ်ထားသော တီအမ်အိတ်ချ် ဆက်သွယ်ရေး ကုမ္ပဏီလီမိတက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ အများနှင့်မသက်ဆိုင်သောကုမ္ပဏီ အဖြစ်, ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ရက်နေ့တွင် (၂၁) ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

မှတ်ပုံတင်ထားသော ကုမ္ပဏီ လိပ်စာသည် အမှတ် ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်း မြို့နယ်၊ (အေ/၁၈) ရန်ကုန်မြို့ ဖြစ်ပါသည်။

ကုမ္ပဏီ၏ အမည်ကို တာမိုးညဲချမ်းသာ ထွန်းဝေသော ကုမ္ပဏီ လီမိတက်ဟူသော အမည်မှ တီအမ်အိတ်ချ် ဆက်သွယ်ရေး ကုမ္ပဏီလီမိတက်ဟု ၁၂.၁.၂၀၁၆ ခုနှစ်တွင် ပြောင်းလဲခဲ့ပါသည်။

ထို့ပြင် အများနှင့် မသက်ဆိုင်သော ကုမ္ပဏီလီမိတက် အဖြစ်မှ အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက် အဖြစ် ၂၅.၅.၂၀၁၆ ခုနှစ်တွင် ပြောင်းလဲခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် **စက်တင်ဘာလ (၃၀)**ရက်နေ့ ကုန်ဆုံးသော နှစ်အတွက် ဘဏ္ဍာရေး အခြေအနေပြ ရှင်းတမ်းအာ မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

ကုမ္ပဏီ၏ အဓိက စီးပွါးရေးလုပ်ငန်းများမှာ

- ငွေဖြည့်ကဒ်များ ထုတ်လုပ်ခြင်း
- ဆင်းကဒ်နှင့် ကြိုတင်ငွေဖြည့်ကဒ်များ ဖြန့်ဖြူးခြင်း
- အော်တို တယ်လီကွန်း အိတ်ချိန်း တပ်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်း
- BTS တာဝါ ဆောက်လုပ်ခြင်းနှင့် ထိန်းသိမ်းခြင်း
- ဆိုဒ် ဝယ်ယူခြင်းနှင့် နည်းပညာ တပ်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်း
- ဖိုင်ဘာ ကေဘယ် တည်ဆောက်ခြင်းနှင့် ထိန်းသိမ်ခြင်း
- ပါဝါစနစ် တပ်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်း
- တယ်လီကွန်း ပစ္စည်းများတပ်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်း
- ဝါယာရင်း နှင့် ကေဘယ် ဝန်ဆောင်မှု
- အိုင်စီတီ ဝန်ဆောင်မှု

## ၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒ အကျဉ်းချုပ်

### (က) စာရင်းရေးဆွဲခြင်းဆိုင်ရာ အခြေခံမူ

ဘဏ္ဍာရေးရှင်းတမ်းများကို ပြီးခဲ့သော ဖြစ်ရပ်များရှိ တန်ဖိုးပေါ်တွင် အခြေခံ၍ မြန်မာနိုင်ငံ စာရင်းကိုင် စံများနှင့် မြန်မာနိုင်ငံ ဘဏ္ဍာရေး အစီရင်ခံခြင်းစံများ Myanmar Financial Reporting Standards နှင့်အညီ ရေးဆွဲထားပါသည်။

### (ခ) နိုင်ငံခြားငွေကြေးအား ပြောင်းလဲသတ်မှတ်ခြင်း

(၁)လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေး နှင့် အစီရင်ခံစာတွင်ဖော်ပြသည့်ငွေကြေး

ကုမ္ပဏီမှ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကကျသော စီးပွါးရေ ပတ်ဝန်းကျင်၏ ငွေကြေးဖြစ်သော မြန်မာကျပ်ငွေကို လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေး functional currency ဟုသတ်မှတ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို presentation currency ဖြစ်သော မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

**(၂) လုပ်ငန်းဆောင်ရွက်ချက်နှင့် စာရင်းလက်ကျန်များ**

နိုင်ငံခြားငွေဖြင့် ပြုလုပ်သော လုပ်ငန်းလုပ်ဆောင်ချက်များကို လုပ်ဆောက်ချက် ဖြစ်ပေါ်သည့်နေ့တွင်ရှိသော ငွေလဲနှုန်းဖြင့် လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးအဖြစ်သို့ ပြောင်းလဲထားပါသည်။ နိုင်ငံခြားငွေဖြင့် ဖော်ပြသော ငွေကြေးနှင့်ဆိုင်သော ပိုင်ဆိုင်ပစ္စည်းနှင့် ပေးရန်တာဝန်များကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန် ငွေလဲနှုန်းဖြင့် ပြောင်းလဲချက်နှင့် ၎င်းနိုင်ငံခြားငွေကြေးများကို စာရင်းရှင်းလင်းရာမှ ဖြစ်ပေါ်လာသော နိုင်ငံခြားငွေ အမြတ်၊ အရှုံးများကို ဝင်ငွေရှင်းတမ်းတွင် စာရင်း ရေးသွင်းထားပါသည်။

### (ဂ) ခန့်မှန်းချက်နှင့်ဆုံးဖြတ်ချက်များကို အသုံးပြုခြင်း

မြန်မာနိုင်ငံ ဘဏ္ဍာရေး အစီရင်ခံခြင်းစံများနှင့် အညီ စာရင်းဆိုင်ရာ မူဝါဒများ ပြုစုရာတွင် စီမံခန့်ခွဲရေး တာဝန်ရှိသူများသည် စာရင်းဆိုင်ရာ မူဝါဒများနှင့် အစီရင်ခံပါ ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေနှင့် အသုံးစရိတ်များကို အကျိုးသက်ရောက်စေသော အကဲဖြတ်မှုများနှင့် ယူဆချက်များကို စဉ်ဆက်မပြတ် ပြန်လည် စီစစ်ပါသည်။ စာရင်းဆိုင်ရာ ခန့်မှန်းချက်များ ပြန်လည် စီစစ်ချက်များကို ယင်းသို့ ပြန်လည် စီစစ်သည့်ကာလ နှင့် အကျိုးသက်ရောက်မှုရှိသော အနာဂတ် ကာလများတွင် စာရင်းဖော်ပြပါသည်။

### (ဃ) ဝင်ငွေ

ဝင်ငွေကို ကုမ္ပဏီက ဝယ်ယူသူထံသို့ ကတိပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ လွှဲပြောင်းပေးခြင်းအတွက် အပြန်အလှန်ရရှိမည်ဟု မျှော်မှန်းထားသော ပမာဏအပေါ် အခြေခံ၍ တိုင်းတာပြီး၊ တတိယပါတီများအတွက် ကိုယ်စားပြုကောက်ခံသော ပမာဏများကို မပါဝင်စေပါ။ ကုမ္ပဏီသည် ဝယ်ယူသူက ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအပေါ် ထိန်းချုပ်ခွင့် ရရှိသည့်အချိန်တွင်၊ ကတိပြုထားသော တာဝန်ပြီးမြောက်ဖြည့်ဆည်းပြီးပါက ဝင်ငွေအဖြစ်စာရင်းရေးသွင်းပါသည်။ လုပ်ဆောင်ရမည့် တာဝန်တစ်ရပ်ကို တစ်ချိန်တည်းတွင် ပြီးစီးနိုင်သကဲ့သို့ အချိန်ကာလတစ်ခုအတွင်း ဖြည့်ဆည်းပေးနိုင်ပါသည်။ စာရင်းရေးသွင်း သည့် ဝင်ငွေပမာဏမှာ ပြီးမြောက်သော တာဝန်အတွက် ခွဲဝေသတ်မှတ်ထားသော ဝင်ငွေပမာဏ ဖြစ်ပါသည်။

MPT ကြိုတင် ငွေဖြည့်ကဒ်များ ရောင်းချခြင်းမှ ၅ % အမြတ်ရရှိပါသည်။ ပုံနှိပ်လုပ်ငန်းမှ ဝင်ငွေများကို ရရန်သေချာမှ စာရင်းရေးသွင်းပါသည်။ ပရောဂျက်မှ ဝင်ငွေများကိုမူ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ အပေါ်တွင် ကြီးကြပ်မှုကို လွှဲပြောင်းခြင်းဖြင့် ဆောင်ရွက်ရန် တာဝန်ကို ကျေနပ်ပြီးသည့်အခါတွင် စာရင်းရေးသွင်းပါသည်။

(c) **ပုံသေပိုင်ပစ္စည်း**

ပုံသေပိုင်ဆိုင်ပစ္စည်းများကို စတင်စာရင်းရေးသွင်းသည့်အချိန်တွင် ကုန်ကျစရိတ်တန်ဖိုး (cost) ဖြင့် စာရင်းသွင်းပါသည်။ နောက်တစ်ဆင့်အနေဖြင့် အမြဲတမ်းပိုင်ဆိုင်ပစ္စည်းများကို စုဆောင်းပြီးသား တန်ဖိုးလျော့ချပမာဏများ (accumulated depreciation) နှင့် စုဆောင်းပြီးသား တန်ဖိုးကျဆင်းမှုအရှုံးများ (accumulated impairment losses) ကို နုတ်ယူပြီးသော ကုန်ကျစရိတ်တန်ဖိုးဖြင့် တိုင်းတာပါသည်။

အမြဲတမ်းပိုင်ဆိုင်ပစ္စည်းများ၏ ကုန်ကျစရိတ်တွင် ဝယ်ယူဈေးနှုန်းအပြင် စီမံခန့်ခွဲမှုမှ ရည်ရွယ်ထားသည့် ပုံစံအတိုင်း လုပ်ဆောင်နိုင်ရန်အတွက် ပစ္စည်းကို လိုအပ်သည့် နေရာသို့ ယူဆောင်ခြင်းနှင့် အသုံးပြုနိုင်သည့် အခြေအနေသို့ ရောက်ရှိအောင် ဆောင်ရွက်ရာတွင် တိုက်ရိုက်ဆက်စပ်နေသော ကုန်ကျစရိတ်များကိုလည်း ပါဝင်ထည့်သွင်းပါသည်။

ပစ္စည်းကို ဝယ်ယူခြင်း သို့မဟုတ် အသုံးပြုခြင်း၏ အကျိုးဆက်အနေဖြင့် ဖျက်သိမ်းခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် ပြန်လည်ပြုပြင်ဖော်ဆောင်ရမည့် တာဝန်ဝတ္တရားများ ပေါ်ပေါက်လာပါက၊ ထိုဖျက်သိမ်းခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် ပြန်လည်ပြုပြင်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း ပုံသေပိုင်ဆိုင်ပစ္စည်းများ၏ ကုန်ကျစရိတ်၏ အစိတ်အပိုင်းအဖြစ် ထည့်သွင်းရေးဆွဲပါသည်။

ပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်း တန်ဖိုးလျော့ကို နှုတ်၍ ဖော်ပြထားပါသည်။ တန်ဖိုးလျော့ကို ပုံသေပိုင်ပစ္စည်းများ၏ ခန့်မှန်းအသုံးဝင်မှု သက်တမ်းအပေါ်တွင် မူတည်၍ နှစ်စဉ်ပုံသေ တန်ဖိုးလျှော့နည်းဖြင့် တွက်ချက်ထား ပါသည်။ တန်ဖိုးလျော့နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| စက်ရုံအဆောက်အဦး | ၁၀% |
| စက်ပစ္စည်း | ၁၀% |
| လုပ်ငန်းသုံးဆက်စပ်ပစ္စည်း | ၁၀% |
| ကား | ၁၀% |
| ရုံးသုံးပစ္စည်း | ၁၀% |
| ပရိဘောဂ | ၁၀% |
| ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း | ၂၀% |
| လျှပ်စစ်အသုံးအဆောက်ပစ္စည်းများ | ၂၀% |

ကျန်ရှိတန်ဖိုး (residual value)၊ အသုံးပြုနိုင်သော သက်တမ်း နှင့် တန်ဖိုးလျော့ချပေးသည့် နည်းလမ်း (depreciation method) များကို အစီရင်ခံကာလတစ်ခုချင်းစီ၏ အဆုံးတွင် ပြန်လည်သုံးသပ်၍ လိုအပ်ပါက နောင်လာမည့်ကာလများအတွက်သာ အကျိုးသက်ရောက်အောင် ပြင်ဆင်အသုံးချပါသည်။ ပုံသေပိုင်ဆိုင် ပစ္စည်း တစ်ခုကို ရောင်းချသည့်အခါ သို့မဟုတ် ထိုပစ္စည်းကို အသုံးပြုခြင်း သို့မဟုတ် ရောင်းချခြင်းမှ အနာဂတ် စီးပွားရေးအကျိုးအမြတ်များ ရရှိနိုင်မည်ဟု မမျှော်လင့်တော့သည့်အခါတွင် စာရင်းမှ ဖယ်ရှားပါသည်။

ထိုပစ္စည်းကို စာရင်းမှ ဖယ်ရှားသည့်အခါ ဖြစ်ပေါ်လာသော အမြတ် သို့မဟုတ် အရှုံးကို ပစ္စည်းကို ဖယ်ရှားသည့်နှစ်၏ အမြတ်အရှုံးစာရင်း (profit or loss) တွင် ထည့်သွင်းပါသည်။

**(စ) တွဲဖက်ကုမ္ပဏီများ (Associates)**

တွဲဖက်ကုမ္ပဏီဆိုသည်မှာ အဖွဲ့ (Group) သည် ၎င်းအပေါ်တွင် အရေးပါသော ဩဇာလွှမ်းမိုးမှု (significant influence) ရှိပြီး၊ ၎င်းသည် လက်အောက်ခံကုမ္ပဏီ (subsidiary) လည်းမဟုတ်၊ ပူးတွဲအကျိုးခံစားမှု (joint interest) လည်းမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အရေးပါသော ဩဇာလွှမ်းမိုးမှု ဆိုသည်မှာ ရင်းနှီးမြှုပ်နှံခံရသူ၏ ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ မူဝါဒဆုံးဖြတ်ချက်များတွင် ပါဝင်ပတ်သက်နိုင်သည့် အာဏာကို ဆိုလိုပြီး၊ ထိုမူဝါဒများအပေါ် ထိန်းချုပ်မှု (control) သို့မဟုတ် ပူးတွဲထိန်းချုပ်မှု (joint control) ကို ဆိုလိုခြင်းမဟုတ်ပါ။

တွဲဖက်ကုမ္ပဏီများ၏ ရလဒ်များနှင့် ပိုင်ဆိုင်မှု၊ ကြွေးမြီများကို ရှယ်ယာတန်ဖိုးနည်းလမ်း (equity method) ကိုအသုံးပြု၍ ဘဏ္ဍာရေးရှင်းတမ်းများတွင် ပေါင်းစည်းဖော်ပြပါသည်။ သို့ရာတွင်၊ အကယ်၍ ရင်းနှီးမြှုပ်နှံမှုကို ရောင်းရန်ထားရှိသည့် ပစ္စည်း (held for sale) အဖြစ် ခွဲခြားထားပါက၊ ထိုအခြေအနေတွင် MFRS 5 ရောင်းရန်ထားရှိသော လည်ပတ်မှုမရှိသည့် ပိုင်ဆိုင်မှုနှင့် လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းထားသည့် လုပ်ငန်းများ (Non-current Assets Held for Sale and Discontinued Operations) အရ စာရင်းပြုစုသည်။

ရှယ်ယာတန်ဖိုးနည်းလမ်းအရ တွဲဖက်ကုမ္ပဏီများတစ်ခုရှိ ရင်းနှီးမြှုပ်နှံမှုကို စတင်တွင် ဝယ်ယူသည့် စရိတ် (cost of acquisition) ဖြင့် မှတ်သားသည်။ ဝယ်ယူပြီးသည့်နောက်၊ ထိုရင်းနှီးမြှုပ်နှံမှု၏ တန်ဖိုးကို အဖွဲ့၏ တွဲဖက်ကုမ္ပဏီများမှ အကျိုးအမြတ် (profit) သို့မဟုတ် အရှုံး (loss) ဝေစုကို အသိအမှတ်ပြုရန်အတွက် တိုးမြှင့် (increased) သို့မဟုတ် လျှော့ချ (decreased) ရသည်။ အဖွဲ့မှ တွဲဖက်ကုမ္ပဏီများတစ်ခုဆီမှ ရရှိသော ဝေစု (dividend) သည် ရင်းနှီးမြှုပ်နှံမှု၏ သယ်ဆောင်သည့်တန်ဖိုးကို လျှော့ချ (reduce) ပေးသည်။ သယ်ဆောင်သည့်တန်ဖိုးကို ချိန်ညှိမှုများသည် တွဲဖက်ကုမ္ပဏီများ၏ အခြားသော ဘက်စုံဝင်ငွေ (other comprehensive income) တွင် အပြောင်းအလဲများမှ ဖြစ်ပေါ်လာသော အဖွဲ့၏ တွဲဖက်ကုမ္ပဏီများရှိ အချိုးကျ အတိုးဝေစုအတွက်လည်း လိုအပ်နိုင်သည်။ ထိုသို့သောအပြောင်းအလဲများတွင် ပစ္စည်း၊ စက်ရုံနှင့် စက်ကိရိယာများကို တန်ဖိုးပြန်လည်သတ်မှတ်ခြင်း (revaluation) နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ကွာခြားမှုများမှ ပေါ်ပေါက်လာခြင်းများ ပါဝင်သည်။ အဖွဲ့၏ တွဲဖက်ကုမ္ပဏီများရှိ အကျိုးစီးပွား (Group's interest) ၏ ပိုလျှံနေသော အဖွဲ့၏ ဝေစုအရှုံးများကို (ရင်းနှီးမြှုပ်နှံမှု၏ တန်ဖိုး သို့မဟုတ် အခြားသော ရေရှည်အကျိုးစီးပွားများ ပါဝင်သည်) အဖွဲ့သည် တွဲဖက်ကုမ္ပဏီများကိုယ်စား တရားဝင် သို့မဟုတ် တည်ဆောက်ထားသည့် တာဝန်ဝတ္တရားများ သို့မဟုတ် ငွေပေးချေမှုများကို ခံယူခဲ့ခြင်းမရှိပါက အသိအမှတ်ပြုခြင်းမပြုရ (not recognized)။

ဝယ်ယူသည့်စရိတ် (cost of acquisition) သည် ဝယ်ယူသည့်နေ့ရက်တွင် တွဲဖက်ကုမ္ပဏီများ၏ ခွဲခြားသိရှိနိုင်သော ပိုင်ဆိုင်မှုများ (identifiable assets)၊ ကြွေးမြီများနှင့် ဖြစ်ပေါ်လာနိုင်သော ကြွေးမြီများ (contingent liabilities) ၏ တရားမျှတသော အသားတင်တန်ဖိုး (net fair value) ရှိ အဖွဲ့၏ ဝေစုထက် ကျော်လွန်နေသော မည်သည့် ပမာဏကိုမဆို ဂုဏ်သတင်းကောင်း (goodwill) အဖြစ် အသိအမှတ်ပြုသည်။ ဂုဏ်သတင်းကောင်းကို ရင်းနှီးမြှုပ်နှံမှု၏ သယ်ဆောင်သည့်တန်ဖိုးတွင် ထည့်သွင်းထားပြီး၊ ရင်းနှီးမြှုပ်နှံမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် တန်ဖိုးလျော့ဆုံးရှုံးမှု (impairment) အတွက် အကဲဖြတ်သည်။ ဝယ်ယူသည့်စရိတ်ထက် ပိုလျှံနေသော ခွဲခြားသိရှိနိုင်သော ပိုင်ဆိုင်မှုများ၊ ကြွေးမြီများနှင့် ဖြစ်ပေါ်လာနိုင်သော

ကြွေးမြီများ၏ တရားမျှတသော အသားတင်တန်ဖိုးရှိ အဖွဲ့၏ မည်သည့် ပိုလျှံဝေစုကိုမဆို ပြန်လည်အကဲဖြတ်ပြီးနောက် (after reassessment)၊ အမြတ် သို့မဟုတ် အရှုံး (profit or loss) တွင် ချက်ချင်း အသိအမှတ်ပြုသည်။

**(ဆ) ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ပိုင်ဆိုင်မှုများ**

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပိုင်ဆိုင်မှုများဆိုသည်မှာ ကုမ္ပဏီက ပိုင်ဆိုင်ထားသော သို့မဟုတ် အသုံးပြုခွင့် ရရှိထားသော ပိုင်ဆိုင်မှုများဖြစ်ပြီး၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ထုတ်လုပ်ရန် သို့မဟုတ် ရောင်းချရန်၊ စီမံခန့်ခွဲရေး ရည်ရွယ်ချက်များ သို့မဟုတ် ပုံမှန်လုပ်ငန်းလည်ပတ်မှုအတွက် အသုံးပြုရန်ထက် ငှားရမ်းခ သို့မဟုတ် အရင်းအနှီး တန်ဖိုးတိုးပွားမှု၊ သို့မဟုတ် နှစ်ခုစလုံးရရှိရန် ရည်ရွယ်ထားသော ပိုင်ဆိုင်မှု များ ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပိုင်ဆိုင်မှုများတွင် လာမည့်အနာဂတ်တွင် ရင်းနှီးမြှုပ်နှံမှုအဖြစ် အသုံးပြုရန်ဆောက်လုပ် နေသော သို့မဟုတ် ဖွံ့ဖြိုးဆဲ အိမ်ခြံမြေများလည်း ပါဝင်သည်။

ကုန်ကျစရိတ် (cost) ဖြင့် တိုင်းတာပြီး၊ လုပ်ငန်းဆိုင်ရာ လုပ်ငန်းစရိတ် (transaction costs) များကိုလည်း ထည့်သွင်းပါသည်။ စတင်စာရင်းသွင်းပြီးနောက်၊ ထိုရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အိမ်ခြံမြေများမှ ဖြစ်ပေါ်လာသော အမြတ်/အရှုံးများကို ထိုနှစ်အတွင်း အမြတ်အရှုံးစာရင်း (profit or loss) တွင် ထည့်သွင်းအသိအမှတ် ပြုပါသည်။

**(ဇ) သင့်တင့်သော တန်ဖိုးတိုင်းတာခြင်း**

သင့်တင့်သောတန်ဖိုးဆိုသည်မှာ တိုင်းတာသောနေ့တွင်ရှိသည့် ဈေးကွက်တွင် ပါဝင်သူများအကြား ရပိုင်ခွင့်တစ်ခု အားရောင်းချရာတွင် ရရှိမည့် (သို့မဟုတ်) ပေးရန်တာဝန်တစ်ခု လွှဲပြောင်းရာတွင် ပေးရမည့် ဈေးနှုန်း ဖြစ်ပါသည်။ သင့်တင့်သော တန်ဖိုးသတ်မှတ်ခြင်း ပြုလုပ်ရာတွင် ရပိုင်ခွင့်များရောင်းချခြင်း၊ ပေးရန်တာဝန်လွှပြောင်းခြင်းတို့သည် အဓိကဈေးကွက် (သို့မဟုတ်) အားသာသည့်ဈေးကွက်တို့တွင် ဖြစ်ပါသည့်ဟု ယူဆချက်ပေါ်အခြေခံ၍ တွက်ချက်ပါသည်။ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်အား သင့်တင့်သော ဈေးနှုန်းသတ်မှတ်ရာတွင် ဈေးကွက်၌ပါဝင်သူများသည် အဆိုပါ ရပိုင်ခွင့် ပေးရန်တာဝန်များနှင့် ပက်သက်၍ ၎င်းတို့၏ အကျိုးစီးပွား အကောင်းဆုံး ရရှိစေရန်အတွက် သတ်မှတ်ထားသော ဈေးနှုန်းဖြစ်သည် ဟူသော ယူဆချက်ဖြင့် တိုင်းတာဖော်ပြပါသည်။
သင့်တင့်သောတန်ဖိုးသတ်မှတ်ရာတွင် အခြေအနေနှင့် လိုက်လျော ညီထွေဖြစ်သော လုံလောက်သောနည်းလမ်း ရရှိနိုင်သည့် နည်းလမ်းများကို အသုံးပြုပါသည်။

ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ၏ သင့်တင့်သော တန်ဖိုးကို ၎င်းတို့အားတန်ဖိုး သတ်မှတ်ဖော်ပြရာတွင် သိသာထင်ရှားပြီး အနည်းဆုံး အချက်အလက်ပေါ် အခြေခံ၍ အမျိုးအစားနှင့် အဆင့်ကို ဖော်ပြပါသည်။ အစဉ်ဖြစ်ပေါ်နေသည့် စာရင်းရေးသွင်းထားသော ရရန်ပိုင်ခွင့် နှင့် ပေးရန်တာဝန်များ အတွက် နှစ်ကုန်ဆုံးချိန်တွင် အမျိုးအစား ခွဲခြားမှုအား ပြန်လည်ဆန်းစစ်ခြင်းဖြင့် အဆင့်များ ပြောင်းလဲမှု ရှိမရှိ သုံးသပ်ပါသည်။

**(ဈ) အခြားရင်းနှီးမြှုပ်နှံမှုများ**

ဘဏ္ဍာရေးစာချုပ်စာတမ်းများကို fair value ဖြင့် တိုင်းတာစာရင်းသွင်းပြီး fair value တိုးခြင်း လျော့ခြင်းများအတွက် အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းပါသည်။အမြတ်ဝေစု ရရန်ရှိများကို လည်း အရှုံးအမြတ်စာရင်းတွင် ရေးသွင်းပါသည်။

**(ည) ငွေနှင့် ငွေသား ညီမျှခြင်းများ**

ငွေနှင့် ငွေသား ညီမျှခြင်းများတွင် လက်ဝယ်ရှိ ငွေသားလက်ကျန် နှင့် ပြည်တွင်းဘဏ် အသီးသီးရှိ ဘဏ်လက်ကျန်များပါဝင်ပါသည်။

**(ဋ) ကုန်လက်ကျန်များ**

ကုန်လက်ကျန်များကို တန်ဖိုးသင့်ရာတွင် တန်ဖိုးရင်းနှင့် ခန့်မှန်းရောင်းရငွေမှ ကုန်ချော ပြည့်ပြည့်စုံစုံ ဖြစ်ရန်အတွက် ထပ်ကုန်မည့်ငွေ နှင့် အရောင်းအတွက် ကုန်ကျမည့်ငွေများကို နှုတ်၍ တန်ဖိုးသင့်ထားသည့် ငွေနှစ်ရပ်အနက် နည်းရာဖြင့် တန်ဖိုးသင့်ပါသည်။ ကုန်လက်ကျန်တန်ဖိုးကို တွက်ချက်ရာတွင် ပထမဝင်၊ ပထမထွက် နည်းကို အသုံးပြုထားပါသည်။

**(ဌ) ကြိုတင်ငွေပေးချေမှုကုန်ကျစရိတ်များ**

ကြိုတင်ငွေပေးချေမှုကုန်ကျစရိတ်များကို အနာဂတ်စီးပွားရေးအကျိုးခံစားခွင့်ရှိသည့် ပိုင်ဆိုင်မှု များ အဖြစ် ကနဦးမှတ်တမ်းတင်ထားပြီး အကျိုးခံစားခွင့်များ အကောင်အထည်ပေါ်လာချိန်တွင် ပြန်လည် အသုံးပြု ပါသည်။

**(ဍ) သာမန်အစုရှယ်ယာ**

သာမန်အစုရှယ်ယာများကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်အဖြစ် အမျိုးအစား သတ်မှတ်ထားပါသည်။ သာမန်အစုရှယ်ယာထုတ်ပေးခြင်း နှင့် တိုက်ရိုက်သက်ဆိုင်သော စရိတ်များကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့် မှနှုတ်၍ စာရင်းဖော်ဆောင်ပါသည်။

**(ဎ) လျာထားငွေ**

လျာထားငွေကို အတိတ်က အဖြစ်အပျက်ရလဒ်ကြောင့် အဖွဲ့အစည်းတွင် ဥပဒေအရ တာဝန်ရှိသော အချိန်၌လည်းကောင်း၊ အပြုသဘော တာဝန်ရှိသောအချိန်၌ လည်းကောင်း၊ စာရင်းရေးသွင်းပါသည်။

**(ဏ) ကုန်သွယ်မှု နှင့် အခြားပေးရန်တာဝန်များ**

ကုန်သွယ်မှုနှင့် အခြားပေးရန်တာဝန်များမှာ ကုမ္ပဏီမှ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုမှ ရရှိခဲ့ပြီး စာရင်းပိတ်သည့် အချိန်တွင် ငွေပေးချေမှု ပြုလုပ်ရန် ကျန်နေသည်များကို စာရင်းရေးသွင်းထားခြင်း ဖြစ်ပါသည်။ တစ်နှစ်နှင့် အောက်ပေးရမည့် တာဝန်များအတွက် လက်ငင်းပေးရန်တာဝန် ခေါင်းစဉ် အောက်တွင် ရေးသွင်းပြီး တစ်နှစ်ထက်ပိုပါက လက်ငင်းမဟုတ်သော ပေးရန်တာဝန်များခေါင်းစဉ်အောက်တွင် စာရင်းရေးသွင်းရပါမည်။

**(တ) ဝင်ငွေခွန်**

အခွန်အားလုံးသည် နှစ်အတွင်း အခွန်များဖြစ်ပြီး အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းပါသည်။ နှစ်အတွင်း အခွန်ဆိုသည်မှာ နှစ်အတွင်းအခွန်ကျသင့်သော ဝင်ငွေအပေါ်တွင် အကျိုးသက်ရောက်သည့်အခွန်နှုန်းထားဖြင့် တွက်ချက်ထားသည့် အခွန်ဖြစ်ပါသည်။

**(ထ) ပက်သက်ဆက်နွယ်နေသော အဖွဲ့အစည်း၊ ပုဂ္ဂိုလ်**

**(၁)ပက်သက်ဆက်နွယ်နေသော အဖွဲ့အစည်း၊ ပုဂ္ဂိုလ် ဆိုသည်မှာ**

(က) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ၎င်းပုဂ္ဂိုလ်၏ မိသားစုဝင် နီးစပ်သူသည် ကုမ္ပဏီနှင့် ဆက်စပ်သူဖြစ်ပါက ထိုအဖွဲ့အစည်း၊ ပုဂ္ဂိုလ်သည်

(၁) ကုမ္ပဏီအပေါ်ထိန်းချုပ်မှု(သို့မဟုတ်)ပူးတွဲထိန်းချုပ်မှုရှိခြင်း၊

(၂) ကုမ္ပဏီအပေါ်သိသာထင်ရှားသောလွှမ်းမိုးမှုရှိခြင်း(သို့မဟုတ်)

(၃) ကုမ္ပဏီ၏ (သို့မဟုတ်) ကုမ္ပဏီ၏ မိခင်ကုမ္ပဏီတွင် စီမံခန့်ခွဲတွင် အဓိကတာဝန်ရှိသူဖြစ်ခြင်း။

(ခ) အဖွဲ့အစည်း တစ်ခုခုသည် အောက်ပါအခြေအနေတစ်ရပ်ရပ် ကို ကျင့်သုံးပါက ကုမ္ပဏီနှင့်ဆက်စပ်မှုရှိသည်။

(၁) ထို အဖွဲ့အစည်း နှင့် ကုမ္ပဏီတို့သည် အုပ်စုတစ်ခုတည်းတွင် အဖွဲ့ဝင်များဖြစ်ကြခြင်း (ဆိုလိုသည်မှာ မိခင်ကုမ္ပဏီ၊ လက်အောက်ခံကုမ္ပဏီနှင့် အဆင့်တူလက်အောက်ခံကုမ္ပဏီ အသီးသီးသည်တစ်ခုနှင့်တစ်ခုဆက်စပ်နေသည်)။

(၂) အဖွဲ့အစည်း တစ်ခုသည် အခြား အဖွဲ့အစည်း တစ်ခု ၏ (Associate) သို့မဟုတ် ဖက်စပ်လုပ်ငန်း (Joint Venture)ဖြစ်ခြင်း(သို့မဟုတ်)ယင်းလုပ်ငန်၏အသင်းဝင်တစ်ဦးဖြစ်ခြင်း။

(၃) အဖွဲ့အစည်း နှစ်ခုစလုံးသည် တတိယပါတီတစ်ဦး၏ ဖက်စပ်လုပ်ငန်း (Joint Venture) များ ဖြစ်ကြခြင်း။

(၄) အဖွဲ့အစည်း တစ်ခုသည် တတိယ အဖွဲ့အစည်း ၏ ဖက်စပ်လုပ်ငန်း (Joint Venture) ဖြစ်ပြီး အခြား အဖွဲ့အစည်း မှာ တတိယ အဖွဲ့အစည်း ၏ ပူးပေါင်း လုပ်ငန်း (Associate) ဖြစ်ခြင်း။

(၅) အဖွဲ့အစည်း သည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီနှင့်ဆက်စပ်သော ကုမ္ပဏီ၏ ဝန်ထမ်းများ အတွက် တာဝန်ထမ်းဆောင်ပြီးကာလ နောက်ပိုင်း အကျိုးခံစားခွင့် အစီအစဉ် ဆောင်ရွက်သူဖြစ်ခြင်း။ ထိုသို့အစီအစဉ်ရှိပါကထောက်ပံ့ပေးသူဖြစ်ခြင်း။

(၆) အဖွဲ့အစည်း တစ်ခုအား (က) တွင် ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးက ထိန်းချုပ် သို့မဟုတ် ပူးတွဲထိန်းချုပ်ထားခြင်း။

(၇) အဖွဲ့အစည်းတစ်ခု အပေါ် (က)(၁) တွင် ဖော်ပြထားသော အဖွဲ့အစည်း သည် သိသာထင်ရှားသောလွှမ်းမိုးမှုရှိခြင်း(သို့မဟုတ်)အဖွဲ့အစည်း၏အဓိကစီမံခန့်ခွဲမှုပုဂ္ဂိုလ်များထဲမှတစ်ဦး ဖြစ်ခြင်း။

(၈) အဖွဲ့အစည်း သို့မဟုတ် အဖွဲ့အစည်းအုပ်စုဝင်များမှ ကုမ္ပဏီ သို့မဟုတ် မိဘကုမ္ပဏီကို အဓိက စီမံခန့်ခွဲမှု ဝန်ဆောင်မှု (key management personnel services) ပေးခြင်း။

**(၂) ပက်သက်ဆက်နွယ်နေသော အဖွဲ့အစည်း၊ ပုဂ္ဂိုလ် မဟုတ်သည့် အခြေအနေများ**

(က) လူပုဂ္ဂိုလ်တစ်ဦးသည် ကုမ္ပဏီနှစ်ခုလုံးတွင် ဒါရိုက်တာ သို့မဟုတ် အဓိကစီမံခန့်ခွဲသူအဖြစ် တာဝန်ယူထားခြင်း

(ခ) ဖက်စပ်လုပ်ငန်း (Joint Venture) တစ်ခုကို အတူတကွ ပူးပေါင်းထိန်းချုပ်ထားခြင်း။

(ဂ) ငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူများ၊ အလုပ်သမားသမဂ္ဂများ၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုဌာနများ (Utilities) နှင့် အစိုးရဌာနဆိုင်ရာများသည် ကုမ္ပဏီနှင့် ပုံမှန်လုပ်ငန်းသဘောအရ ဆက်သွယ်ဆောင်ရွက်ခြင်း။

(ဃ) ကုမ္ပဏီတစ်ခုနှင့် စီးပွားရေးဆိုင်ရာ လွှမ်းမိုးမှု တစ်စိတ်တစ်ပိုင်းသာ ရှိသည့် ဖောက်သည်၊ ဝယ်ယူသူများ၊ ကုန်ပစ္စည်းပေးသွင်းသူများ၊ ကိုယ်စားလှယ်များ သို့မဟုတ် အရောင်းကိုယ်စားလှယ်များ။

**(၃) အဓိကစီမံခန့်ခွဲသူ (Key Management Personnel) ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်**

အဓိကစီမံခန့်ခွဲသူ ဆိုသည်မှာ ကုမ္ပဏီ၏ လုပ်ငန်းဆောင်တာများကို စီစဉ်ခြင်း၊ ညွှန်ကြားခြင်းနှင့် ထိန်းချုပ်ခြင်းတို့အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အာဏာနှင့် တာဝန်ရှိသူများကို ဆိုလိုသည်။ ၎င်းတွင် ကုမ္ပဏီ၏ ဒါရိုက်တာများ (အမှုဆောင်ဒါရိုက်တာ သို့မဟုတ် အခြားဒါရိုက်တာများ) အားလုံး ပါဝင်သည်။

**(၄) ဆက်စပ်အဖွဲ့အစည်းများအကြား ဆောင်ရွက်သော လုပ်ငန်းစဉ် (Transactions) နမူနာများ**

ဆက်စပ်အဖွဲ့အစည်းများနှင့် အောက်ပါအတိုင်း ဆောင်ရွက်ပါက ထုတ်ပြန်ကြေညာရန် လိုအပ်သည် -

- ကုန်ပစ္စည်းများ (အချောထည် သို့မဟုတ် အကြမ်းထည်) ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း။
- ခြံမြေ၊ အဆောက်အအုံနှင့် အခြားပိုင်ဆိုင်မှုများကို ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း။
- ဝန်ဆောင်မှု ပေးခြင်း သို့မဟုတ် လက်ခံခြင်း။
- အငှားစာချုပ် (Lease) များ။
- သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (R&D) လွှဲပြောင်းပေးမှုများ။
- လိုင်စင်သဘောတူညီချက်အရ လွှဲပြောင်းပေးမှုများ။
- ငွေကြေးဆိုင်ရာ အစီအစဉ်များ (ချေးငွေနှင့် အရင်းအနှီး ထည့်ဝင်မှုများ အပါအဝင်)။
- အာမခံပေးခြင်း သို့မဟုတ် အပေါင်ပစ္စည်းပေးခြင်း။
- အနာဂတ်တွင် တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက လုပ်ဆောင်ပေးမည်ဟု ကတိကဝတ်ပြုထားခြင်းများ (Executory Contracts)။
- အဖွဲ့အစည်းတစ်ခု၏ ကြွေးမြီများကို အခြားအဖွဲ့အစည်းတစ်ခုမှ ကိုယ်စားပေးဆပ်ခြင်း။

**(၅) ဆက်စပ်အဖွဲ့အစည်းများအကြား လုပ်ဆောင်ချက်များ၏ အရေးပါမှု (Materiality) နှင့် သဘောသဘာဝ**

ဆက်စပ်အဖွဲ့အစည်းများအကြား လုပ်ဆောင်ချက်များ၏ သဘောသဘာဝကို ထည့်သွင်းစဉ်းစားရန် အလွန်အရေးကြီးသည်။ ဥပမာ - ဆက်စပ်အဖွဲ့အစည်းတစ်ခုသို့ ဝန်ဆောင်မှုများကို အခမဲ့ပေးခြင်းမျိုး ရှိနိုင်သည်။ ထိုအခမဲ့ဝန်ဆောင်မှုသည် အရေးပါမှု (Material) ရှိ၊ မရှိကို စီမံခန့်ခွဲမှုစရိတ် သို့မဟုတ် အဓိကစီမံခန့်ခွဲသူ၏ လုပ်ခလစာများပေါ်တွင် မူတည်၍ ဆုံးဖြတ်ရမည်ဖြစ်ပြီး၊ အရေးပါသည်ဟု ယူဆပါက ထိုအခမဲ့ ဝန်ဆောင်မှုများ ကိုလည်း ထုတ်ပြန်ကြေညာရမည်။

**(၆) အဓိကစီမံခန့်ခွဲသူများ၏ လုပ်ခလစာနှင့် အကျိုးခံစားခွင့်များ (Compensation)**

၎င်းတွင် ဝန်ထမ်းအကျိုးခံစားခွင့် အားလုံး (IAS 19 နှင့် IFRS 2 အရ) ပါဝင်သည်။ ကုမ္ပဏီအတွက် ဝန်ဆောင်မှုပေးခြင်းအတွက် ပေးချေသော သို့မဟုတ် ပေးရန်ရှိသော အကျိုးခံစားခွင့်မှန်သမျှ ပါဝင်သည်။ အကယ်၍ အဓိကစီမံခန့်ခွဲသူများအား ရှယ်ယာအခြေပြု ပေးချေမှု (Share-based payments) များ ပါဝင်ပြီး ၎င်းသည် အရေးပါသော ပမာဏဖြစ်ပါက သီးခြားခေါင်းစဉ်ဖြင့် ဖော်ပြရမည်။

(၇) **သာမန်စျေးကွက်ပေါက်စျေးအတိုင်း ဆောင်ရွက်ခြင်း (Arm's Length Transactions)**

ဆက်စပ်အဖွဲ့အစည်းများအကြား ဆောင်ရွက်မှုများသည် ပြင်ပတတိယလူနှင့် ဆောင်ရွက်သကဲ့သို့ သာမန်စျေးကွက်ပေါက်စျေး (Arm's Length) အတိုင်း ဖြစ်သည်ဟု ဖော်ပြလိုပါက ခိုင်လုံသော အထောက်အထားများ ရှိမှသာလျှင် ထိုသို့ဖော်ပြနိုင်သည်။

(၈) **ထုတ်ပြန်ကြေညာရမည့် အမျိုးအစားများ**

ဆက်စပ်အဖွဲ့အစည်းများဆိုင်ရာ အချက်အလက်များကို အောက်ပါအမျိုးအစားများအလိုက် သီးခြားစီ ဖော်ပြရမည်။

(က) မိခင်ကုမ္ပဏီ (The Parent) ။

(ခ) ကုမ္ပဏီအပေါ် ပူးတွဲထိန်းချုပ်ခွင့် သို့မဟုတ် သိသာသော ဩဇာသက်ရောက်မှုရှိသော အဖွဲ့အစည်းများ။

(ဂ) လက်အောက်ခံ ကုမ္ပဏီများ (Subsidiaries)။

(ဃ) ပူးပေါင်းကုမ္ပဏီများ (Associates)။

(င) ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံထားသော ဖက်စပ်လုပ်ငန်းများ (Joint Ventures) ။

(စ) ကုမ္ပဏီ၏ သို့မဟုတ် မိခင်ကုမ္ပဏီ၏ အဓိကစီမံခန့်ခွဲသူများ။

(ဆ) အခြားဆက်စပ်နေသော အဖွဲ့အစည်းများ (အခြားအဖွဲ့အစည်းများအတွက် ဆက်စပ်မှု သဘောသဘာဝကိုပါ ဖော်ပြရမည်) ။

**(ဒ) ရှယ်ယာတစ်စု၏ဝင်ငွေ**

အခြေခံကျသော ရှယ်ယာတစ်စု၏ဝင်ငွေကို ဘဏ္ဍာရေးကာလ နှစ်အတွင်း ကုမ္ပဏီ၏ အစုရှင်များသို့ ခွဲဝေပေးရသောအမြတ်ကို အချိန်နှင့် ပျမ်းမျှယူထားသော သာမန်အစုရှယ်ယာ အရေအတွက်ဖြင့် စားပြီး တွက်ချက်ထားပါသည်။

**(၃) အခြားရင်းနှီးမြှုပ်နှံမှု**

| | ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) | ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) |
|---|---|---|
| | ကျပ် | ကျပ် |
| FMI ရှယ်ယာ | ၁၅၅,၉၂၅,၀၀၀ | ၈၄,၃၁၅,၀၀၀ |
| သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက် | ၁၀၀,၀၀၀,၀၀၀ | ၁၀၀,၀၀၀,၀၀၀ |
| | **၂၅၅,၉၂၅,၀၀၀** | **၁၈၄,၃၁၅,၀၀၀** |

**(၄) ကုန်လက်ကျန်**

| **အမျိုးအစားများ** | ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) | ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) |
|---|---|---|
| | ကျပ် | ကျပ် |
| ပရီပိတ်ကတ် | - | ၁,၂၃၇,၅၃၁,၂၀၀ |
| အီးတော့အပ် | - | ၉၄,၁၆၁,၉၄၈ |
| ဆင်းကဒ် | - | ၁၄,၆၃၁,၀၀၀ |
| ကုန်ကြမ်း | - | ၂၅,၄၅၁,၁၃၂ |
| | **-** | **၁,၃၇၁,၈၀၂,၂၈၀** |

**(၅) ပရောဂျက်လုပ်ငန်းအတွက်ကြိုတင်ပေးငွေ**

| | ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) | ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) |
|---|---|---|
| | ကျပ် | ကျပ် |
| _IFM ပရောဂျက် | ၂၆,၈၃၃,၉၉၁ | ၃၆,၀၈၈,၅၇၄ |
| _ဖိုက်ဘာ ပရောဂျက် | ၆၄,၁၄၃,၀၂၉ | ၉၄၃,၄၀၀ |
| _အခြားပရောဂျက် | ၁,၉၉၉,၅၆၆,၁၈၅ | ၃၈၇,၅၀၃,၁၂၅ |
| | **၂,၀၉၀,၅၄၃,၂၀၅** | **၄၂၄,၅၃၅,၀၉၉** |

**(၆) စရံနှင့်အခြားကြိုတင်ပေးငွေ**

| | ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) | ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) |
|---|---|---|
| | ကျပ် | ကျပ် |
| အမ်ပီတီသို့ ကြိုတင်ပေး | ၁၀,၀၀၀,၂၉၈ | ၁၀,၀၀၀,၂၉၈ |
| ရုံးသုံးစရိတ်အတွက်ကြိုတင်ပေး | ၁,၂၀၉,၈၉၇,၃၈၀ | ၈၇၂,၉၄၉,၉၆၀ |
| ရုံးခန်းငှါးရန်အတွက် ကြိုတင်ပေး | ၆၆,၇၁၀,၀၀၀ | ၁၀၈,၂၂၂,၃၃၄ |
| အခြားအသုံးစရိတ်အတွက် ကြိုတင်ပေး | ၁၇,၄၁၅,၈၂၄ | ၁၂,၂၉၅,၈၀၉ |
| | **၁,၃၀၄,၀၂၃,၅၀၃** | **၁,၀၀၃,၄၆၈,၄၀၁** |

**(၇) ကုန်သွယ်မှုနှင့် အခြားရရန်ရှိ**

| | ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) | ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) |
|---|---|---|
| | ကျပ် | ကျပ် |
| **ပရောဂျက်လုပ်ငန်းများမှ ရရန်ရှိများ** | | |
| _IFM ပရောဂျက် | ၁,၁၃၉,၁၂၂,၃၆၈ | ၆၉၃,၄၃၃,၄၈၂ |
| _မိုဘိုင်းပရောဂျက် | ၄၁၄,၄၃၆,၂၈၁ | ၄၂၈,၆၉၅,၀၄၀ |
| _အခြားပရောဂျက် | ၁,၅၉၀,၄၃၄,၄၈၄ | ၁,၃၅၁,၃၄၉,၈၀၀ |
| အမ်ပီတီမှ ရရန်ရှိ | ၁,၃၇၈,၄၀၆,၀၄၉ | ၂,၃၉၆,၇၀၆,၁၅၅ |
| အခြားမှ ရရန်ရှိ | ၅၆,၆၁၂,၇၅၂ | - |
| ဝန်ထမ်းများမှ ရရန်ရှိ | ၁,၀၀၀,၀၀၀ | - |
| ကြွေးဆုံးယာထားမှု စာရင်း | (၇၄၆,၀၉၃,၀၀၇) | (၄၉၅,၅၈၃,၆၄၉) |
| | **၃,၈၃၃,၉၁၈,၉၂၈** | **၄,၃၇၄,၆၀၀,၈၂၈** |

| **(၈) ငွေနှင့်ဘဏ်လက်ကျန်** | ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) | ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) |
|---|---|---|
| **နိုင်ငံခြားငွေလဲလှယ်ခြင်းနှုန်း ၁ ဒေါ်လာ = ၂၁၀၀ ကျပ်** | ကျပ် | ကျပ် |
| ငွေလက်ကျန် (ကျပ်) | ၂၇၅,၇၂၉,၉၂၀ | ၁၂၇,၈၃၅,၀၃၀ |
| ဘဏ်လက်ကျန် (ကျပ်) | ၄,၃၁၀,၆၀၅,၇၉၈ | ၂,၈၅၇,၁၂၄,၂၆၁ |
| ဘဏ်လက်ကျန် (ဒေါ်လာ) | ၂,၂၉၃,၄၁၀ | ၂,၂၉၃,၄၁၀ |
| | **၄,၅၈၈,၆၂၉,၁၂၇** | **၂,၉၈၇,၂၅၂,၇၀၁** |

**(၉) ကုန်သွယ်မှုနှင့် အခြားပေးရန်**

| | ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) | ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) |
|---|---|---|
| | ကျပ် | ကျပ် |
| ပေးရန်ရှိစရိတ် | ၈,၇၃၁,၀၂၁ | ၁၁,၂၇၀,၄၈၃ |
| ရွှေ့ဆိုင်း ပရောဂျက်ဝင်ငွေ | ၇၃၄,၈၂၈,၄၂၃ | ၃,၁၇၁,၅၆၂ |
| ပရောဂျက်လုပ်ငန်းအတွက် ပေးရန်ရှိ | ၄၅၁,၂၁၄,၄၈၆ | ၂၇၅,၃၇၉,၁၀၅ |
| အခြားပေးရန်ရှိ | ၂၉၀,၃၀၄,၇၉၇ | ၂၃၅,၈၈၇,၃၈၅ |
| စီသာနန်းထက်သို့ပေးရန်ရှိ | ၄၇၇,၀၀၀,၀၀၀ | ၀ |
| ဝန်ထမ်းသို့ပေးရန်ရှိနှင့် ပေးဆောင်ရန် လစာဝင်ငွေခွန် | ၇၃,၄၆၄,၁၂၇ | ၇၈,၈၈၇,၀၁၅ |
| | **၂,၀၃၅,၅၄၂,၈၅၄** | **၆၀၄,၅၉၅,၅၅၀** |

(၁၀) ဝင်ငွေ

| | ဧပြီလ ၂၀၂၅ မှ မတ်လ ၂၀၂၆ | ဧပြီလ ၂၀၂၄ မှ မတ်လ ၂၀၂၅ |
|---|---|---|
| | ကျပ် | ကျပ် |
| _IFM ပရောဂျက် | ၂,၈၈၉,၇၉၉,၆၈၇ | ၂,၃၃၈,၆၇၅,၅၆၃ |
| _ဖိုင်ဘာ ပရောဂျက် | ၁၉,၅၈၇,၈၁၈ | - |
| _မိုဘိုင်းပရောဂျက် | ၂၅၀,၅၂၆,၇၇၈ | ၃၁၀,၂၃၈,၄၅၂ |
| _အခြားပရောဂျက် | ၆,၁၈၃,၁၈၄,၁၆၃ | ၃,၂၃၉,၀၉၃,၅၁၆ |
| | **၉,၃၄၃,၀၉၈,၄၄၅** | **၅,၈၈၈,၀၀၇,၅၃၂** |

(၁၁) ရောင်းကုန်တန်ဖိုး

| | ဧပြီလ ၂၀၂၅ မှ မတ်လ ၂၀၂၆ | ဧပြီလ ၂၀၂၄ မှ မတ်လ ၂၀၂၅ |
|---|---|---|
| | ကျပ် | ကျပ် |
| ပရောဂျက်လုပ်ငန်း ကုန်ကျစရိတ် | ၆,၄၉၀,၁၄၇,၈၂၁ | ၄,၇၇၄,၆၅၇,၀၅၇ |
| ထုတ်လုပ်မှု ကုန်ကျစရိတ် | ၁၈,၈၇၅,၉၇၆ | ၂၈,၀၅၃,၇၃၇ |
| | **၆,၅၀၉,၀၂၃,၇၉၇** | **၄,၈၀၂,၇၁၀,၇၉၄** |

| (၁၂) စီမံခန့်ခွဲမှုစရိတ် | ဧပြီလ ၂၀၂၅ မှ မတ်လ ၂၀၂၆ | ဧပြီလ ၂၀၂၄ မှ မတ်လ ၂၀၂၅ |
|---|---|---|
| | ကျပ် | ကျပ် |
| ခရီးစရိတ်နှင့်တည်းခိုနေထိုင်စရိတ် | ၈၉,၀၀၆,၅၀၅ | ၄၅,၇၆၆,၉၇၉ |
| ကြော်ငြာနှင့် အရောင်းမြှင့်တင်ခြင်းစရိတ် | ၁၂၀,၀၀၀,၀၀၀ | ၉၁,၉၃၀,၀၂၆ |
| ဝန်ထမ်းရေးရာ ကုန်ကျစရိတ် | ၆၈၃,၈၄၇,၁၉၆ | ၆၁၇,၃၇၁,၀၁၃ |
| လုပ်ငန်းသုံး ကုန်ကျစရိတ် | ၅၈၀,၈၇၇,၉၁၉ | ၄၉၆,၉၉၈,၉၆၈ |
| မော်တော်ယာဉ် ငှါးရမ်းခစရိတ် | ၂၈၇,၂၂၃,၂၇၃ | ၂၄၃,၅၉၃,၉၀၃ |
| ကုမ္ပဏီ အကြံပေးအတွက် စရိတ် | ၄၂၈,၂၆၆,၈၀၀ | ၃၉,၆၀၀,၀၀၀ |
| အလှူအတွက် ကုန်ကျစရိတ် | ၂၇,၅၇၂,၄၁၉ | ၁၆,၅၈၂,၈၇၅ |
| တန်ဖိုးလျော့စရိတ် | ၁၅၇,၂၀၈,၂၄၇ | ၁၃၈,၀၀၃,၈၁၄ |
| အခြားအထွေထွေစရိတ် | ၄၆၄,၀၉၈,၉၈၁ | ၈၄၃,၁၀၁,၈၄၀ |
| ရုံးခန်းငှါးကုန်ကျစရိတ် | ၁၇၅,၇၂၉,၈၃၄ | ၁၅၆,၁၂၅,၃၃၂ |
| ပြုပြင်ထိန်းသိမ်းစရိတ် | ၁၂၀,၉၇၇,၄၁၅ | ၁၀၇,၂၉၉,၇၄၇ |
| | **၃,၁၃၄,၈၀၈,၅၈၉** | **၂,၇၉၆,၃၇၄,၄၉၆** |

**(၁၃) ဖုန်းငွေဖြည့်ကတ်လုပ်ငန်း ပိတ်သိမ်းခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ပယ်ဖျက်ခြင်းဆိုင်ရာ မှတ်ချက်**

ကုမ္ပဏီသည် ဖုန်းငွေဖြည့်ကတ် ထုတ်လုပ်၊ ရောင်းချ၊ ဖြန့်ဖြူးသည့် လုပ်ငန်းအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် အပြီးတိုင် ရပ်နားပိတ်သိမ်းခဲ့ပါသည်။ လုပ်ငန်းပိတ်သိမ်းရခြင်း၏ အဓိကအကြောင်းအရင်းများမှာ -

၁။ စီးပွါးရေးရပ်ဝန်း ပြောင်းလဲလာမှုကြောင့် သုံးစွဲသူများသည် ဖုန်းငွေဖြည့်ကတ်များ ဝယ်ယူအသုံးပြုခြင်းထက် အခြားသော ငွေဖြည့်ခြင်းနည်းလမ်းများကို ပိုမိုသုံးစွဲလာခြင်း (ဥပမာ - Kpay, AYA Pay အစရှိသည့် မိုဘိုင်းငွေဖြည့်ခြင်းနည်းလမ်းသုံးစွဲခြင်း) ကြောင့် ရောင်းအားကျဆင်းလာခြင်း။

၂။ ကုမ္ပဏီ၏ အဓိက ငွေဖြည့်ကတ် တင်ပို့ရောင်းချသည့် ဒေသများတွင် ဒေသတွင်း မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ရောင်းချပြီးသော ငွေဖြည့်ကတ်များ၏ ရောင်းရငွေများအား ကောက်ခံရာတွင် အခက်အခဲများ ဖြစ်ပေါ်လာခြင်း။

၃။ အထက်ဖော်ပြပါ အခြေအနေများကြောင့် လုပ်ငန်း၏ အမြတ်အစွန်းနှင့် ငွေကြေးစီးဆင်းမှုအပေါ် ထိခိုက်နိုင်ခြေများ တိုးပွားလာပြီး ဆုံးရှုံးနိုင်ခြေများ ပြားလာခြင်း

၄။ ယခင် (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်တွင် ဖုန်းငွေဖြည့်ကတ်ထုတ်လုပ်၊ ဖြန့်ဖြူး ၊ ရောင်းချခြင်းလုပ်ငန်းမှ ဝင်ငွေမှာ လုပ်ငန်းအားလုံး၏ စုစုပေါင်း (၅%) ရာခိုင်နှုန်းသာရှိခြင်း

တို့ကြောင့် လုပ်ငန်းရပ်ဆိုင်းခဲ့ရပါသည်။

ထို့အပြင် ဖုန်းငွေဖြည့်ကတ်လုပ်ငန်းနှင့် သက်ဆိုင်သော ရှမ်းပြည်နယ် မြောက်ပိုင်းဒေသရှိ ပြန်လည်ရယူနိုင်ခြင်း မရှိတော့သော လုပ်ငန်းသုံး ပုံသေပိုင်ပစ္စည်းများအား စာရင်းမှ ပယ်ဖျက်ခဲ့ပါသည်။ စာရင်းမှ ပယ်ဖျက်ခဲ့သော လုပ်ငန်းသုံး ပုံသေပိုင်ပစ္စည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

Fixed Asset Write-Off Summary

| ပစ္စည်းအမျိုးအစား | ပစ္စည်းတန်ဖိုး | တန်ဖိုးလျော့စုစုပေါင်း | လက်ကျန်တန်ဖိုး |
|---|---:|---:|---:|
| Factory Building | 18,000,000 | 18,000,000 | - |
| Machinery | 161,155,750 | 161,155,749 | 1 |
| Computer & Printer | 2,815,500 | 2,642,497 | 173,003 |
| Electrical Equipment | 7,784,800 | 7,415,140 | 369,660 |
| Office Equipment | 185,000 | 64,500 | 120,500 |
| vehicle | 4,868,000 | 3,728,498 | 1,139,502 |
| စုစုပေါင်း | **194,809,050** | **193,006,384** | **1,802,666** |

စက်ရုံအဆောက်အဦးသည် ဆက်သွယ်ရေးဝန်ကြီးဌာနပိုင် မြေပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး၊ ကနဦး သဘောတူညီချက်အရ လုပ်ငန်းရပ်ဆိုင်းသည့်အခါ ဆောက်လုပ်ထားသော အဆောက်အဦအား ဆက်သွယ်ရေး ဝန်ကြီးဌာနသို့ အပြီးအပိုင် လွှဲပြောင်းအပ်နှံခဲ့ပါသည်။

## တီအမ်အိတ်ချ် ဆက်သွယ်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

## ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ပုံသေပိုင်ပစ္စည်းစာရင်း

| | မြေ | စက်ရုံ | စက်ပစ္စည်းများ | ယာဉ်နှင့် ယာဉ်ပစ္စည်းများ | ရုံးသုံးစက်ပစ္စည်းများ | ကွန်ပျူတာနှင့် စက်ပစ္စည်းများ | ပရိဘောဂပစ္စည်း | လျှပ်စစ်ပစ္စည်းများ | လုပ်ငန်းသုံးပစ္စည်းကိရိယာများ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | |
| မူရင်းတန်ဖိုး | | | | | | | | | | |
| ၂၀၂၅ ဧပြီ (၁) ရက်နေ့ စာရင်းဖွင့်လက်ကျန် | ၆၃,၀၀၀,၀၀၀ | ၁၈,၀၀၀,၀၀၀ | ၅၄၀,၆၅၅,၇၅၀ | ၅၉၆,၅၉၄,၄၈၀ | ၁၁,၇၅၇,၅၅၀ | ၉၅,၈၆၈,၅၀၃ | ၄၈,၃၂၀,၇၀၀ | ၃၈,၇၀၈,၀၂၅ | ၅၈၀,၁၁၄,၅၆၂ | ၁,၉၉၃,၀၁၉,၅၇၀ |
| ထပ်မံဝယ်ယူခြင်း | - | - | - | - | ၂,၁၇၄,၉၀၀ | ၃၀,၈၈၄,၀၀၀ | - | ၄,၈၂၉,၀၀၀ | ၁,၉၆၀,၀၀၀ | ၃၉,၈၄၇,၉၀၀ |
| ရောင်းချခြင်း | - | - | - | (၃၆,၇၈၅,၀၀၀) | - | - | - | - | - | (၃၆,၇၈၅,၀၀၀) |
| ပယ်ဖျက်ခြင်း | - | (၁၈,၀၀၀,၀၀၀) | (၁၆၁,၁၅၅,၇၅၀) | (၄,၈၆၈,၀၀၀) | (၁၈၅,၀၀၀) | (၂,၈၁၅,၅၀၀) | - | (၇,၇၈၄,၈၀၀) | - | (၁၉၄,၈၀၉,၀၅၀) |
| **၂၀၂၆ မတ်လ (၃၁) ရက်နေ့ စာရင်းပိတ်လက်ကျန်** | ၆၃,၀၀၀,၀၀၀ | - | ၃၇၉,၅၀၀,၀၀၀ | ၅၅၄,၉၄၁,၄၈၀ | ၁၃,၇၄၇,၄၅၀ | ၁၂၃,၉၃၇,၀၀၃ | ၄၈,၃၂၀,၇၀၀ | ၃၅,၇၅၂,၂၂၅ | ၅၈၂,၀၇၄,၅၆၂ | ၁,၈၀၁,၂၇၃,၄၂၀ |
| စုစုပေါင်းတန်ဖိုးလျော့ | | | | | | | | | | |
| ၂၀၂၅ ဧပြီ (၁) ရက်နေ့ စာရင်းဖွင့်တန်ဖိုးလျော့ | - | ၁၈,၀၀၀,၀၀၀ | ၄၀၁,၅၀၅,၇၄၉ | ၃၄၄,၁၀၀,၆၇၆ | ၆,၀၈၄,၈၉၁ | ၈၅,၁၅၈,၈၀၃ | ၄၁,၁၅၆,၃၈၃ | ၃၀,၅၈၉,၀၂၈ | ၄၈,၄၃၂,၇၈၂ | ၉၇၅,၀၂၈,၃၁၂ |
| နှစ်အတွင်းတန်ဖိုးလျော့ | - | - | ၃၇,၉၅၀,၀၀၀ | ၄၅,၄၉၁,၁၉၉ | ၁,၁၃၀,၀၆၇ | ၆,၈၄၅၃,၈၂ | ၄,၅၇၁,၄၅၁ | ၃,၀၈၈,၉၄၈ | ၅၈,၁၃၁,၂၀၀ | ၁၅၇,၂၀၈,၂၄၇ |
| ရောင်းချခြင်း | - | - | - | (၃၆,၇၈၄,၉၉၈) | - | - | - | - | - | (၃၆,၇၈၄,၉၉၈) |
| ပယ်ဖျက်ခြင်း | - | (၁၈,၀၀၀,၀၀၀) | (၁၆၁,၁၅၅,၇၄၉) | (၃,၇၂၈,၄၉၈) | (၆၄,၅၀၀) | (၂,၆၄၂,၄၉၇) | - | (၇,၄၁၅,၁၄၀) | - | (၁၉၃,၀၀၆,၃၈၄) |
| **၂၀၂၆ မတ်လ (၃၁) ရက်နေ့ စာရင်းပိတ်လက်ကျန်** | - | - | ၂၇၈,၃၀၀,၀၀၀ | ၃၄၉,၀၇၈,၃၇၉ | ၇,၁၅၀,၄၅၈ | ၈၉,၃၆၁,၆၈၈ | ၄၅,၇၂၇,၈၃၄ | ၂၆,၂၆၂,၈၃၆ | ၁၀၆,၅၆၃,၉၈၂ | ၉၀၂,၄၄၅,၁၇၇ |
| **၂၀၂၆ မတ်လ (၃၁) ရက်နေ့ရှိ စုစုပေါင်းအသာတင်တန်ဖိုး** | ၆၃,၀၀၀,၀၀၀ | - | ၁၀၁,၂၀၀,၀၀၀ | ၂၀၅,၈၆၃,၁၀၁ | ၆,၅၉၆,၉၉၂ | ၃၄,၅၇၅,၃၁၅ | ၂,၅၉၂,၈၆၆ | ၉,၄၈၉,၃၈၉ | ၄၇၅,၅၁၀,၅၈၀ | ၈၉၈,၈၂၈,၂၄၃ |